# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၄ - သစ္စဝိဘင်္ဂ

## (အမှန်သဘော 'သစ္စာ'တို့ကို ဝေဖန်၍ပြသော သစ္စဝိဘင်း)

### ၁ - သုတ္တန္တဘာဇနီယ

(သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ'နည်း)

**အရိယသစ္စာလေးပါး**

### ၁ - ဒုက္ခအရိယသစ္စာ

(အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုအမှန်သဘော)

**ဒုက္ခအရိယသစ္စာ ၁၂-မျိုး**

| | | |
|---|---|---|
| (၁) ဇာတိ | (၅) ပရိဒေဝ | (၉) အပ္ပိယသမ္ပယောဂဒုက္ခ |
| (၂) ဇရာ | (၆) ဒုက္ခ | (၁၀) ပိယဝိပ္ပယောဂဒုက္ခ |
| (၃) မရဏ | (၇) ဒေါမနဿ | (၁၁) ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခ |
| (၄) သောက | (၈) ဥပါယာသ | (၁၂) ပဉ္စုပါဒါနက္ခန္ဓဒုက္ခ |

### ၂ - သမုဒယ အရိယသစ္စာ

(အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော)

**ပိယရူပ သာတရူပ ၁၀-မျိုး, ၆၀-ပါးတို့၌ တပ်မက်မှုဖြစ်ပုံ**

**အဇ္ဈတ္တိက အာယတန ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**အာရုံဖြစ်သော အာရမ္မဏ ခေတ် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**ဝိညာဏ် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**ဖဿ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**ဝေဒနာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**သညာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**စေတနာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**တဏှာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**ဝိတက် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

**ဝိစာရ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ**

# ၄ - သစ္စဝိဘင်

## ၃ - နိရောဓအရိယသစ္စာ

(အရိယတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲချုပ်မှုအမှန်သဘော)

ပိယရူပ သာတရူပ ၁၀-မျိုး, ၆၀-ပါးတို့၌ တပ်မက်မှုကို ပယ်ပုံ

အဇ္ဈတ္တိကအာယတန ၆-ပါး၌ တပ်မက်မှုချုပ်ငြိမ်းပုံ

ဗာဟိရအာယတန ၆-ပါး (အာရုံ ၆-ပါး) ၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

ဝိညာဏဓာတ် ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

ဖဿ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

ဝေဒနာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

သညာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

စေတနာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

တဏှာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

ဝိတက် ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

ဝိစာရ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

## ၄ - မဂ္ဂအရိယသစ္စာ

## ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ

(ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သည့် အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍သိအပ်သော အမှန်သဘော)

**မဂ္ဂင် ၈-ပါး**

သမ္မာဒိဋ္ဌိ

သမ္မာသင်္ကပ္ပ

သမ္မာဝါစာ

သမ္မာကမ္မန္တ

သမ္မာအာဇီဝ

သမ္မာဝါယာမ

သမ္မာသတိ

သမ္မာသမာဓိ

- ပဌမစျာန်သမ္မာသမာဓိ
- ဒုတိယစျာန်သမ္မာသမာဓိ
- တတိယစျာန်သမ္မာသမာဓိ
- စတုတ္ထစျာန်သမ္မာသမာဓိ

## ၂ - အဘိဓမ္မဘာဇနီယ

(သစ္စာလေးပါးတို့ကို အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော အဘိဓမ္မဘာဇနီယနည်း)

## အင်္ဂဝါရ

(အင်္ဂဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

## ၁ - အင်္ဂဝါရ ပဉ္စမနည်း

(တဏှာကို သမုဒယသစ္စာဟု ဟောသောနည်း)

# ၄ - သစ္စဝိဘင်္ဂ

**သစ္စာလေးပါး**

**သမုဒယသစ္စာ ဒုက္ခသစ္စာ ဒုက္ခနိရောဓသစ္စာ မဂ္ဂသစ္စာ**

[သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ]

## ၂ - အင်္ဂုတ္တိကဝါရ ဒုတိယနည်း

(ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

## ၃ - အင်္ဂုတ္တိကဝါရ တတိယနည်း

(အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

## ၄ - အင်္ဂုတ္တိကဝါရ စတုတ္ထနည်း

(အကုသိုလ်တရား အားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

## ၅ - အင်္ဂုတ္တိကဝါရ ပဉ္စမနည်း

(လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

## ၅ - ပဉ္စင်္ဂိကဝါရ

(ပဉ္စင်္ဂိကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

## ၁ - ပဉ္စင်္ဂိကဝါရ ပထမနည်း

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

**သစ္စာလေးပါး**

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

[သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ]

[၂-ပဉ္စင်္ဂိကဝါရ ဒုတိယနည်း (=ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရား အားလုံးနှင့် လောကီကုသလ မူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း) တို့ကို ပေယျာလ ချန်ခဲ့သည်။]

# ၄ - သစ္စဝိဘင်္ဂ

## ၅ - ပဥ္စမိကဝါရ ပဥ္စမနည်း

(လောကီကုသိုလ် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

## ၃ - သဗ္ဗသင်္ဂါဟိကဝါရ

(သဗ္ဗသင်္ဂါဟိကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

## ၁ - သဗ္ဗသင်္ဂါဟိကဝါရ ပထမနည်း

(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

**သစ္စာလေးပါး**

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

[သဗ္ဗသင်္ဂါဟိကဝါရ ဒုတိယနည်း (=ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရားအားလုံး နှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)။ ဤနည်း ၃-မျိုးကို ပေယျာလ ချန်ထားခဲ့သည်။]

## ၅ - သဗ္ဗသင်္ဂါဟိကဝါရ ပဥ္စမနည်း

(လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ**

## ၃ - ပဉှာပုစ္ဆက

(အမေး-အဖြေပြု၍ ဟောကြားသော ပဉှာပုစ္ဆကနည်း)

**သစ္စာ လေးပါး**

## သစ္စာ ၄-ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

## ၁ - တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁) ကုသလတိက် အမေးပုစ္ဆာ

(ဝေဒနာတိက် အမှတ် ၂-မှ သနိဒဿနတိက် အမှတ် ၂၂-အထိ တိက် ၂၁-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့သည်။)

## ၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(ဟေတုဒုက် ဒုက်အမှတ် ၁-မှ သဥတ္တရဒုက် ဒုက်အမှတ် ၉၉-အထိ ဒုက် ၉၉-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ လုံးဝချန်ခဲ့သည်။)

### (၁၀၀) သရဏဒုက် အမေးပုစ္ဆာ

# ၄ - သစ္စဝိဘင်

## သစ္စာ ၄-ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### ၁ - တိကဝိသဇ္ဇနာ

(သစ္စာ ၄-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း)

(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ

(၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ

(၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ

(၄) ဥပါဒိန္နတိက် အဖြေဝိသဇ္ဇနာ

(၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ

(၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ

(၇) ပီတိတိက် အဖြေဝိသဇ္ဇနာ

(၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ

(၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ

(၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ

(၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ

(၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ

(၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ

(၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ

(၁၅) မိစ္ဆတ္တတိက်ာအဖြေဝိသဇ္ဇနာ

(၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ

(၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ

(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ

(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ

(၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ

(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ

(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ

------

# ၄ - သစ္စဝိဘင်္ဂ

## ၂ - ဒုကဝိသဇ္ဇနာ

(သစ္စာ ၄-ပါးတို့ကို ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ'ကို ပြခြင်း)

### ၁ - ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ

(၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၃) ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄) ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၆) န ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ

------

### ၂ - စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ

(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ

(၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ

(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ

(၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ

(၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ

(၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ

------

### ၃ - အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

(၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၆) အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၁၇) အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ

(၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၁၉) အာသဝဝိပ္ပယုတ္တ သာသဝဒုက် အဖြေဝိသဇ္ဇနာ

------

# ၄ - သစ္စဝိဘင်္ဂ

## ၄ - သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၂၀) သညောဇနဒုက် အဖြေဝိသဇ္ဇနာ

(၂၁) သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၂) သညောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၃) သညောဇန သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၄) သညောဇန သညောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၅) သညောဇနဝိပ္ပယုတ္တသညောဇနိယဒုက် အဖြေဝိသဇ္ဇနာ

------

## ၅ - ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ

(၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

(၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၂၉) ဂန္ထဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

(၃၀) ဂန္ထဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၃၁) ဂန္ထဝိပ္ပယုတ္တ ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ

------

## ၆ - ဩဃဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၃၂-၃၇)

[ဩဃဂေါစ္ဆက ၆-ဒုက်နှင့် ယောဂဂေါစ္ဆက ၆-ဒုက် အဖြေ ဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆက ၆-ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ လုံးဝချန်ခဲ့သည်။ အာသဝဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာအတိုင်း ချဲ့ယူလေ့လာပါလေ။]

## ၇ - ယောဂဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၃၈-၄၃)

[ဩဃဂေါစ္ဆက ၆-ဒုက်နှင့် ယောဂဂေါစ္ဆက ၆-ဒုက် အဖြေဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆက ၆-ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလလုံးဝ ချန်ခဲ့သည်။ အာသဝဂေါစ္ဆကဒုက် အဖြေ ဝိသဇ္ဇနာအတိုင်း ချဲ့ယူလေ့လာပါလေ။]

# ၄ - သစ္စဝိဘင်္ဂ

## ၈ - နိဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၄၄) နီဝရဏဒုက် အဖြေဝိသဇ္ဇနာ

(၄၅) နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ

(၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄၇) နီဝရဏ နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ

(၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၄၉) နီဝရဏ ဝိပ္ပယုတ္တ နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ

------

## ၉ - ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေဝိသဇ္ဇနာ

(၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ

(၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၅၂) ပရာမာသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၅၄) ပရာမာသဝိပ္ပယုတ္တ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

------

## ၁၀ - မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ

(၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ

(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ

(၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ

(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ

(၆၁) စိတ္တသဟဘုဒုက် အဖြေဝိသဇ္ဇနာ

(၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ

(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ

(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက် အဖြေဝိသဇ္ဇနာ

(၆၅) စိတ္တသံသဋ္ဌ သမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ

(၆၆) အဇ္ဈတ္တိကဒုက် အဖြေဝိသဇ္ဇနာ

(၆၇) ဉပါဒါဒုက် အဖြေဝိသဇ္ဇနာ

(၆၈) ဉပါဒိဏ္ဏဒုက် အဖြေဝိသဇ္ဇနာ

# ၄ - သစ္စဝိဘင်္ဂ

၁၁ - ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ

(၇၀) ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

(၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၂) ဥပါဒါနဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

(၇၃) ဥပါဒါနဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၄) ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ

------

၁၂ - ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ

(၇၅) ကိလေသဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ

(၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

(၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ

(၈၁) ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ

(၈၂) ကိလေသဝိပ္ပယုတ္တ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ

------

# ၄ - သစ္စဝိဘင်္ဂ

၁၃ - ပိဋ္ဌဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ

(၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ

(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ

(၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ

(၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ

(၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ

(၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ

(၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ

(၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ

(၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ

(၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ

(၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ

(၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ

သစ္စာ ၄-ပါးတို့ကို ဝေဖန်၍ ဟောကြားသည့်

'သစ္စဝိဘင်း' မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၄ - သစ္စဝိဘင်္ဂ

## (အမှန်သဘော 'သစ္စာ' တို့ကို ဝေဖန်၍ပြသော သစ္စဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယ

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'သုတ္တန္တဘာဇနီယ' နည်း)

### အရိယသစ္စာလေးပါး

၁၈၉။ ။ မဂ်ဖိုလ်ကို ရ၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ'[၁] ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘော 'အရိယသစ္စာ'လေးပါးတို့ကား-

(၁) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲမှု 'ဒုက္ခအရိယသစ္စာ'။

(၂)အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲမှု ဖြစ်ပွားကြောင်း 'ဒုက္ခသမုဒယအရိယသစ္စာ'။

(၃) အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲချုပ်မှု 'ဒုက္ခနိရောဓအရိယသစ္စာ' ။

(၄)အရိယာတို့ ထိုးထွင်း၍သိအပ်သော အမှန်ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ'တို့တည်း။

၁။ အရိယ= မဂ်ဖိုလ်ရသူ၊ ကိလေသာတို့မှ စင်ကြယ်သူ၊ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်၍ မြင့်မြတ်သူ။
= ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစေတတ်သော သဘော (အဘိ၊ ဋ္ဌ၊ ၁၊ နှာ-၃၈၄)။

# သစ္စဝိဘင်္ဂ

## ၁ - ဒုက္ခအရိယသစ္စာ

## (အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုအမှန်သဘော)

### ဒုက္ခအရိယသစ္စာ ၁၂-မျိုး

၁၉၀။ ထိုအရိယသစ္စာ ၄-မျိုးတို့တွင် အဘယ်သည် အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှု အမှန်သဘော 'ဒုက္ခအရိယသစ္စာ' မည်သနည်း။

(ဘဝသစ်၌ ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေနေခြင်း) သည်လည်း ဆင်းရဲ၏။ အိုခြင်း 'ဇရာ' သည်လည်း ဆင်းရဲ၏။ သေခြင်း 'မရဏ' သည်လည်း ဆင်းရဲ၏။ စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေး ပူဆွေး မြည်တမ်းခြင်း 'ပရိဒေဝ'၊ (ကိုယ်) ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူဆွေး ပင်ပန်း ပူလောင်ခြင်း 'ဥပါယာသ' တို့သည်လည်း ဆင်းရဲကုန်၏။ မချစ်မနှစ်သက်အပ်သည်တို့နှင့် အတူယှဉ်တွဲ ပေါင်းဖော်နေရခြင်းသည် ဆင်းရဲ၏။ ချစ်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်းသည် ဆင်းရဲ၏။ အကြင် အလိုရှိအပ်သည်ကိုလည်း မရ၊ ထိုမရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းချုပ်အားဖြင့် ဥပါဒါန်၏ (လောဘ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ခန္ဓာငါးပါး[၁]တို့သည် ဆင်းရဲကုန်၏။

၁။ ဥပါဒါနက္ခန္ဓာ ၅-ပါး = လောကီနာမ်ခန္ဓာ ၄-ပါး၊ ရုပ်ခန္ဓာ ၁-ပါး။ (လောကီစိတ်, စေတသိက်, ရုပ်)

### (၁) ဇာတိ

၁၉၁။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် (ဘဝသစ်၌ရုပ်နာမ်တို့ တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေနေခြင်း) မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်းအဖွဲ့၌ (ထိုထိုသတ္တဝါတို့ဖြစ်ရာဘုံဘဝ၌) အကြင်ဖြစ်ပေါ်ခြင်း 'ဇာတိ'၊ ကောင်းစွာ (ပြည့်စုံစွာ) ဖြစ်ပေါ်ခြင်း 'သဉ္ဇာတိ'၊ (အမိဝမ်းတွင်း, ဥခွံတွင်းသို့) ဝင်ရောက် သက်ရောက်ခြင်း 'ဩက္ကန္တိ'၊ အသစ်ဖြစ်ပေါ်ခြင်း 'အဘိနိဗ္ဗတ္တိ'၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ပေါ် ခြင်း 'ခန္ဓပါတုဘာဝ'၊ စိတ်စေတသိက်တို့ ဖြစ်ရာဖြစ်ကြောင်း 'အာယတန' တို့ကို တစ်ဖန် ရခြင်းသည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို (ဘဝသစ်၌ ရုပ်နာမ်တို့၏ တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' (ပဋိသန္ဓေနေခြင်း)ဟု ဆိုအပ်၏။

### (၂) ဇရာ

၁၉၂။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုဘဝ၌ (ထိုထိုသတ္တဝါတို့၏ နေရာဘုံ၊ ထိုထိုသတ္တဝါတို့၏ ဘဝ၌) ထိုထိုသတ္တဝါ အစုအပေါင်းအဖွဲ့၌ အကြင် အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ'၊ အကြင် အိုမင်းရင့်ရော်ပုံ အခြင်းအရာ 'ဇီရဏတာ'၊ အကြင် သွားကျိုးခြင်း 'ခဏ္ဍိစ္စ'၊ အကြင် ဆံပင်ဖြူခြင်း 'ပါလိစ္စ'၊ အကြင် အရေတွန့်ခြင်း 'ဝလိတ္တစတာ'၊ အကြင်အသက် ဆုတ်ယုတ်ခြင်း 'အာယုနော သံဟာနိ'၊ အကြင် (မျက်စိ နားစသော) ဣန္ဒြေတို့၏ ရင့်ရော် (ယိုယွင်း) ခြင်း 'ဣန္ဒြိယပရိပါက' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို အိုခြင်း (ရင့်ရော်ခြင်း) 'ဇရာ' ဟု ဆိုအပ်၏။

## (၃) မရဏ

၁၉၃။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် သေခြင်း 'မရဏ' မည်သနည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်းအဖွဲ့မှ (ထိုထိုသတ္တဝါအဖြစ်မှ) အကြင် ရွေ့လျောခြင်း 'စုတိ'၊ အကြင် ရွေ့လျောသော အခြင်းအရာ 'စဝနတာ'၊ အကြင် ပျက်စီးခြင်း 'ဘေဒ'၊ အကြင် ကွယ်ပျောက်ခြင်း 'အန္တရဓာန'၊ အကြင် သေဆုံးခြင်း 'မစ္စု'၊ အကြင် အသက်ကို စွန့်ခြင်း 'မရဏ'၊ (အသက်ရှင်ခြင်း၏) အကြင် အဆုံးစွန်သောအခါကို ပြုခြင်း 'ကာလကိရိယာ'၊ အကြင် ခန္ဓာတို့၏ ပျက်စီးခြင်း 'ခန္ဓဘေဒ'၊ ခန္ဓာကိုယ်အကောင်ကို ပစ်ချခြင်း (အသုဘ အသေကောင်ကို မသာချခြင်း) 'ကဠေဝရနိက္ခေပ'၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်း (အသက်၏ပြတ်စဲခြင်း) 'ဇီဝိတိန္ဒြိယုပစ္ဆေဒ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို သေခြင်း 'မရဏ' ဟု ဆိုအပ်၏။

## (၄) သောက

၁၉၄။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် စိုးရိမ်ပူဆွေးခြင်း 'သောက' မည်သနည်း။

ဆွေမျိုး ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ရောဂဗျသန'၊ သီလပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'သီလဗျသန'၊ အယူ (ဝါဒ) ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း (မိစ္ဆာဒိဋ္ဌိအယူ ရှိသူ၏ လည်းကောင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်းတစ်ခုခုနှင့် ပြည့်စုံသူ၏ လည်းကောင်း, (ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် မလွတ်ကင်းသူ၏ လည်းကောင်း)၊ ဆင်းရဲမှု သဘောတစ်ခုခုနှင့် တွေ့သူ၏ လည်းကောင်း အကြင် စိုးရိမ်ပူဆွေးခြင်း 'သောက'၊ အကြင် စိုးရိမ်သော အခြင်းအရာ 'သောစနာ'၊ အကြင် စိုးရိမ်သူ၏အဖြစ် 'သောစိတတ္တံ'၊ အကြင် အတွင်း၌ ပူဆွေးခြင်း 'အန္တောသောက'၊ အကြင် အတွင်း၌ လွန်စွာပူပန်ခြင်း 'အန္တောပရိသောက'၊ အကြင် စိတ်ပူလောင်ခြင်း (မှိုင်တွေခြင်း) 'စေတသော ပရိဇ္ဈာယန'၊ အကြင် စိတ်ဆင်းရဲခြင်း (စိတ်နှလုံးမသာယာခြင်း) 'ဒေါမနဿ'၊ အကြင် စိုးရိမ်မှု စူးဝင်ခြင်း (သောကဟူသောငြောင့်) 'သောကသလ္လ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို စိုးရိမ်ပူဆွေးခြင်း 'သောက' ဟု ဆိုအပ်၏။

## (၅) ပရိဒေဝ

၁၉၅။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ' မည်သနည်း။

ဆွေမျိုး ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ရောဂဗျသန'၊ သီလပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'သီလဗျသန'၊ အယူဝါဒ ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း (မိစ္ဆာဒိဋ္ဌိအယူ ရှိသူ၏လည်းကောင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်းတစ်ခုခုနှင့် ပြည့်စုံသူ၏ လည်းကောင်း (ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် မလွတ်ကင်းသူ၏ လည်းကောင်း)၊ ဆင်းရဲမှု သဘော တစ်ခုခုနှင့် တွေ့သူ၏ လည်းကောင်း အကြင် လွန်စွာ ငိုကြွေးမြည်တမ်းခြင်း (တစ်စုံတစ်ဦးကို ရည်ညွှန်းထုတ်ဖော် ခေါ်ဝေါ်၍ ငိုကြွေးမြည်တမ်းခြင်း) 'အာဒေဝ'၊ အလွန်ပြင်းစွာ ငိုကြွေးခြင်း (ဂုဏ်ကျေးဇူးကို ဖွဲ့နွဲ့၍ လှိုက်လှိုက်လှဲလှဲ ငိုကြွေးမြည်တမ်းခြင်း) 'ပရိဒေဝ'၊ လွန်စွာ ငိုကြွေးသော အခြင်းအရာ 'အာဒေဝနာ'၊ အလွန်ပြင်းစွာ ငိုးကြွေးသော အခြင်းအရာ 'ပရိဒေဝနာ'၊ လွန်စွာ ငိုကြွေးသူ၏ အဖြစ် 'အာဒေဝိတတ္တံ'၊ အလွန်ပြင်းစွာ ငိုကြွေးသူ၏အဖြစ် 'ပရိဒေဝိတတ္တံ'၊ ဆိုမြည်တမ်းခြင်း 'ဝါစာ'၊

အချည်းနှီး အကျိုးမရှိ ငိုယိုဆိုမြည်တမ်းခြင်း 'ပလာပ'[၁]၊ ဖောက်ဖောက်ပြန်ပြန် ငိုယိုဆိုမြည်တမ်းခြင်း 'ဝိပ္ပလာပ'[၂]၊ အဖန်ဖန် အထပ်ထပ် ငိုယိုမြည်တမ်းခြင်း 'လာလပ္ပ'၊ အဖန်ဖန် အထပ်ထပ် ငိုယို ဆိုမြည်တမ်းသော အခြင်းအရာ 'လာလပ္ပနာ'၊ အဖန်ဖန် အထပ်ထပ် ငိုယိုဆိုမြည်တမ်းသူ၏အဖြစ် 'လာလပ္ပိတတ္တံ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ' ဟု ဆိုအပ်၏။

## (၆) ဒုက္ခ

၁၉၆။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် ဆင်းရဲမှု 'ဒုက္ခ' မည်သနည်း။

အကြင် ကိုယ်၌ဖြစ်သော မသာယာခြင်း 'ကာယိက အသာတ'၊ အကြင် ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း 'ကာယိကဒုက္ခ'၊ အကြင် ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာခြင်းကို ခံစားမှု 'ကာယသမ္ဖဿဇံ အသာတံ ဝေဒယိတံ'၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇံ ဒုက္ခံ ဝေဒယိတံ'၊ အကြင် ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇာ အသာတာ ဝေဒနာ'၊ (ကိုယ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'ကာယသမ္ဖဿဇာ ဒုက္ခာ ဝေဒနာ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ဆင်းရဲမှု 'ဒုက္ခ' ဟု ဆိုအပ်၏။

## (၇) ဒေါမနဿ

၁၉၇။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ' မည်သနည်း။

အကြင် စိတ်၌ဖြစ်သော မသာယာခြင်း 'စေတသိကံ အသာတံ'၊ အကြင် စိတ်၌ဖြစ်သော ဆင်းရဲခြင်း 'စေတသိကံ ဒုက္ခံ'၊ အကြင် စိတ်အတွေ့ကြောင့် ဖြစ်သော မသာယာမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇံ အသာတံ ဝေဒယိတံ'၊ အကြင် (စိတ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇံ ဒုက္ခံ ဝေဒယိတံ'၊ အကြင် စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာမှုကို ခံစားခြင်း 'စေတောသမ္ဖဿဇာ အသာတာ ဝေဒနာ'၊ အကြင် (စိတ်အတွေ့ကြောင့်ဖြစ်သော) ဆင်းရဲမှုကို ခံစားခြင်း 'စေတော သမ္ဖဿဇာ ဒုက္ခာဝေဒနာ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်၏။

## (၈) ဥပါယာသ

၁၉၈။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' မည်သနည်း။

ဆွေမျိုးပျက်စီးခြင်းနှင့် တွေ့သူ၏လည်းကောင်း 'ဉာတိဗျသန'၊ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ဘောဂဗျသန'၊ အနာရောဂါကြောင့် ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'ရောဂဗျသန'၊ သီလပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း 'သီလဗျသန'၊ အယူဝါဒ ပျက်စီးခြင်းနှင့် တွေ့သူ၏ လည်းကောင်း (မိစ္ဆာဒိဋ္ဌိ အယူရှိသူ၏ လည်းကောင်း) 'ဒိဋ္ဌိဗျသန'၊ ပျက်စီးခြင်း တစ်ခုခုနှင့် ပြည့်စုံသူ၏ လည်းကောင်း (ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် မလွတ်ကင်းသူ၏ လည်းကောင်း)၊ တစ်ခုခုသော ဆင်းရဲမှုသဘော (ဆင်းရဲမှုအခြင်းအရာတစ်ခုခု) နှင့် တွေ့သူ၏ လည်းကောင်း အကြင် လွန်စွာ

ပူလောင် ပင်ပန်းခြင်း 'အာယာသ'၊ အကြင် အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ'၊ အကြင် လွန်စွာ ပူလောင်ပင်ပန်းသူ၏အဖြစ် 'အာယာသိတတ္တံ'၊ အကြင် အလွန်အမင်း ပြင်းစွာ ပူလောင် ပင်ပန်းသူ၏ အဖြစ် 'ဥပါယာသိတတ္တံ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' ဟု ဆိုအပ်၏။

၁။ သတိကင်းလွတ်လျက် မပြောသင့် မဆိုသင့်သော စကားတို့ကို ပရမ်းပတာ ဆိုမြည်တမ်းကာ ငိုယိုခြင်း။
၂။ သူရူးပမာ ဝါကျဆုံးအောင်မှ မပြောဆိုနိုင်ဘဲ အဆက်အစပ် မရှိ တစ်ခုပြီး တစ်ခု ယောင်ယမ်းမြည်တမ်းကာ ငိုယိုခြင်း။

## (၉) အပ္ပိယသမ္ပယောဂဒုက္ခ

၁၉၉။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် မချစ်မနှစ်သက် အပ်သည်တို့နှင့် အတူ ယှဉ်တွဲ ပေါင်းဖော်နေရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'အပ္ပိယသမ္ပယောဂဒုက္ခ' မည်သနည်း။

ဤလောက၌ အလိုမရှိအပ် 'အနိဋ္ဌ'၊ မနှစ်သက်အပ် 'အကန္တ'၊ နှလုံးကို မပွားစေတတ် မမြတ်နိုး အပ် 'အမနာပ' ဖြစ်ကုန်သော ထိုအဆင်း 'ရူပါရုံ'၊ ထိုအသံ 'သဒ္ဒါရုံ'၊ ထိုအနံ့ 'ဂန္ဓာရုံ'၊ ထိုအရသာ 'ရသာရုံ'၊ ထိုအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည် အကြင်သူအား ဖြစ်ကုန်၏။

တစ်နည်းကား- အကြင် သူတို့သည် ထိုသူ၏ အကျိုးမဲ့ကို အလိုရှိကုန်၏ (အနတ္ထကာမာ)၊ စီးပွားမဲ့ကို အလိုရှိကုန်၏ (အဟိတကာမာ)၊ ချမ်းသာမဲ့ကို အလိုရှိကုန်၏ (အဖာသုကကာမာ)၊ ဝဋ်ဆင်းရဲ၌ ယှဉ်တွဲတတ်သည့် ယောဂလေးပါးတို့မှ မလွတ်မြောက်သည်ကို အလိုရှိကုန်၏ (အယောဂက္ခေမ ကာမာ)။ ထို (မချစ်မနှစ်သက်အပ်သော) အာရုံ, ထို (မချစ်မနှစ်သက်အပ်သော) သူတို့နှင့် အကြင် တွေ့ဆုံရခြင်း 'သင်္ဂတိ'၊ အကြင် အတူစည်းဝေး ပေါင်းဆုံရခြင်း 'သမာဂမ'၊ အကြင်အတူ ပေါင်းဖော် နေထိုင်ခြင်း 'သမောဓာန'၊ အကြင် တစ်ပေါင်းတည်း ရောနှောခြင်း 'မိဿီဘာဝ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မချစ် မနှစ်သက်အပ်သည်တို့နှင့် အတူ ယှဉ်တွဲ ပေါင်းဖော်နေရခြင်း ကြောင့်ဖြစ်သော ဆင်းရဲမှု 'အပ္ပိယသမ္ပယောဂဒုက္ခ' ဟု ဆိုအပ်၏။

## (၁၀) ပိယဝိပ္ပယောဂဒုက္ခ

၂၀၀။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် ချစ်ခင်နှစ်သက် အပ်သည်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ပိယဝိပ္ပယောဂဒုက္ခ' မည်သနည်း။

ဤလောက၌ အလိုရှိအပ် 'ဣဋ္ဌ'၊ နှစ်သက်အပ် 'ကန္တ'၊ နှလုံးကို ပွားစေတတ် မြတ်နိုးအပ် 'မနာပ' ဖြစ်ကုန်သော ထိုအဆင်း 'ရူပါရုံ'၊ ထိုအသံ 'သဒ္ဒါရုံ'၊ ထိုအနံ့ 'ဂန္ဓာရုံ'၊ ထိုအရသာ 'ရသာရုံ'၊ ထိုအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည် အကြင်သူအား ဖြစ်ကုန်၏။

တစ်နည်းကား- အကြင် အမိသည် လည်းကောင်း (မာတာ)၊ အကြင် အဖသည် လည်းကောင်း (ပိတာ)၊ အကြင် ညီ, အစ်ကိုသည် လည်းကောင်း (ဘာတာ)၊ အကြင် အစ်မ, ညီမသည် လည်းကောင်း (ဘဂိနီ)၊ အကြင် မိတ်ဆွေတို့သည် လည်းကောင်း (မိတ္တာ)၊ အကြင် အပေါင်းအဖော်တို့သည် လည်း ကောင်း (အမစ္စ)၊ အကြင် ဆွေမျိုးတို့သည် လည်းကောင်း (ဉာတိ)၊ အကြင် ဆွေမျိုး သွေးချင်းသားချင်း တို့သည် လည်းကောင်း (သာလောဟိတ)၊ ထိုသူ၏ အကျိုးကို အလိုရှိကုန်၏ (အတ္ထကာမ)၊ စီးပွားကို အလိုရှိကုန်၏ (ဟိတကာမ)၊ ချမ်းသာကို အလိုရှိကုန်၏ (ဖာသုကကာမ)၊ ဝဋ်ဆင်းရဲ၌ ယှဉ်တွဲစေတတ် သည့် ယောဂလေးပါးတို့မှ လွတ်မြောက်သည်ကို အလိုရှိကုန်၏ (ယောဂက္ခေမကာမ)။

ထိုချစ်ခင်နှစ် သက်အပ်သော အာရုံ, ထိုချစ်ခင်နှစ်သက်အပ်သော သူတို့နှင့် အကြင်အတူ မတွေ့ဆုံရခြင်း 'အသင်္ဂတိ'၊ အကြင် အတူတကွ မစည်းဝေး မပေါင်းဆုံရခြင်း 'အသမာဂမ'၊ အကြင် အတူတကွ မပေါင်းဖော် မနေ ထိုင်ရခြင်း 'အသမောဓာန'၊ အကြင် တစ်ပေါင်းတည်း မရောနှောရခြင်း 'အမိဿီဘာဝ' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို ချစ်ခင်နှစ်သက်အပ်သည်တို့နှင့် ကွဲကွာ ကွေကွင်းရခြင်းကြောင့် ဖြစ်သော ဆင်းရဲ 'ပိယဝိပ္ပယောဂဒုက္ခ' ဟု ဆိုအပ်၏။

## (၁၁) ယံပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခ

၂၀၁။ ထိုဒုက္ခအရိယသစ္စာ ၁၂-မျိုးတို့တွင် အဘယ်သည် အလိုရှိအပ် သည်ကို မရခြင်းကြောင့် ဖြစ်သော ဆင်းရဲ 'ယံပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခ' မည်သနည်း။

(ဘဝသစ်၌ ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း (ပဋိသန္ဓေနေခြင်း) 'ဇာတိ' သဘောရှိသော သတ္တဝါတို့အား "ငါတို့မှာ (ဘဝသစ်၌ရုပ်နာမ်တို့တစ်ဖန်) ဖြစ်ပေါ်ခြင်း (ပဋိသန္ဓေနေခြင်း) 'ဇာတိ' သဘောတို့ မဖြစ်ကြပါမူ ကောင်းလေစွ၊ ငါတို့အား (ဘဝသစ်၌ ရုပ်နာမ်တို့ တစ်ဖန်) ဖြစ်ပေါ်ခြင်း 'ဇာတိ' သဘော မရောက်လာပါမူ ကောင်းလေစွ" ဟု ဤသို့သော လိုချင် တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့ လိုချင် တောင့်တငြားသော်လည်း ဤဇာတိ မဖြစ်ခြင်းကို လိုချင်တောင့်တခြင်းမျှဖြင့် မရနိုင် မရောက်နိုင်ပေ။

ဤဆိုခဲ့ပြီးသော သဘောကိုလည်း အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ယံပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခ' ဟု ဆိုအပ်၏။

အိုခြင်းသဘော 'ဇရာဓမ္မ' ရှိကုန်သော သတ္တဝါတို့အား။ပ။

နာခြင်းသဘော 'ဗျာဓိဓမ္မ' ရှိကုန်သော သတ္တဝါတို့အား။ပ။

သေခြင်းသဘော 'မရဏဓမ္မ' ရှိကုန်သော သတ္တဝါတို့အား။ပ။

စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' သဘော ရှိကုန်သော သတ္တဝါတို့အား "ငါတို့မှာ စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံး မသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' သဘောတို့ မဖြစ်ကြပါမူ ကောင်းလေစွ၊ ငါတို့အား စိုးရိမ်ပူဆွေးခြင်း 'သောက'၊ ငိုကြွေးမြည်တမ်းခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်နှလုံးမသာယာခြင်း 'ဒေါမနဿ'၊ အလွန်အမင်း ပြင်းစွာ ပူလောင်ပင်ပန်းခြင်း 'ဥပါယာသ' သဘောတို့ မရောက်လာကြပါမူ ကောင်းလေစွ' ဟု ဤသို့သော လိုချင်တောင့်တခြင်းသည် ဖြစ်ပေါ်၏၊ ဤသို့ လိုချင်တောင့်တငြားသော်လည်း ဤစိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်း စသည်တို့ မဖြစ်ခြင်းကို လိုချင်တောင့်တခြင်းမျှဖြင့် မရနိုင် မရောက်နိုင်ပေ။

ဤဆိုခဲ့ပြီးသော သဘောကိုလည်း အလိုရှိအပ်သည်ကို မရခြင်းကြောင့်ဖြစ်သော ဆင်းရဲ 'ယံပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခ'ဟု ဆိုအပ်၏။

### (၁၂) ပဉ္စုပါဒါနက္ခန္ဓဒုက္ခ

၂၀၂။ ထိုဒုက္ခအရိယသစ္စာ ၁၂-ပါးတို့တွင် အဘယ်တို့သည် အကျဉ်း အားဖြင့် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သည့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ 'ပဉ္စုပါဒါနက္ခန္ဓဒုက္ခ' တို့ မည်ကုန်သနည်း။

ထိုဥပါဒါနက္ခန္ဓာငါးပါးတို့ကား အဘယ်တို့နည်း။

ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံဖြစ်သော ရုပ်အစု 'ရူပက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော မှတ်သားမှုအစု 'သညာက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော ပြုပြင်စီရင်မှုအစု 'သင်္ခါရက္ခန္ဓာ'၊ ဥပါဒါန်၏ အာရုံဖြစ်သော သိမှုအစု 'ဝိညာဏက္ခန္ဓာ' တို့တည်း (လောကီတရားများ)။

ဤငါးပါးတို့ကို အကျဉ်းအားဖြင့် ဥပါဒါန်၏ အာရုံဖြစ်သည့် ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲ 'ပဉ္စုပါဒါနက္ခန္ဓာ' တို့ဟု ဆိုအပ်ကုန်၏။

ဤဆိုခဲ့ပြီးသော သဘောကို အရိယာတို့ ထိုးထွင်း၍ သိအပ်သော အမှန်ဆင်းရဲမှု 'ဒုက္ခအရိယသစ္စာ' ဟု ဆိုအပ်၏။

**(ဒုက္ခအရိယသစ္စာ ပြီး၏)။**

၁။ လိုချင် တောင့်တကာမျှဖြင့် မရနိုင် မရောက်နိုင်၊ မဂ္ဂဘာဝနာ ပွားမှသာ ရောက်နိုင် ရနိုင်သည်။ (သမ္မောဟဝိနောဒနီ၊ နှာ-၁၀၂)

# သစ္စဝိဘင်္ဂ

## ၂ - သမုဒယ အရိယသစ္စာ

## (အရိယာတို့ ထိုးထွင်း၍သိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော)

၂၀၃။ ထိုအရိယသစ္စာ ၄-ပါးတို့တွင် အဘယ်သည် မဂ်ဖိုလ်ကို ရ၍ ဖြူစင် မြင့်မြတ်သဖြင့် 'အရိယာ' ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲမှု ဖြစ်ပွားကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ အရိယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ' သည် တစ်ဖန် ဘဝသစ်၌ ဖြစ်စေတတ်၏ 'ပေါနောဘဝိကာ'၊ နှစ်သက်, တပ်မက်ခြင်းနှင့်တကွ ဖြစ်၏ 'နန္ဒိရာဂသဟဂတာ'၊ ထိုထို အာရုံတို့၌ လွန်စွာ နှစ်သက်တတ်၏ 'တတြတတြာဘိနန္ဒိနီ'။

ထိုတပ်မက်မှု 'တဏှာ'ကား အဘယ်နည်း။

လိုချင်မှုဟူသော အနှောင်အဖွဲ့ 'ကာမဂုဏ်' ၌ တပ်မက်ခြင်း 'ကာမတဏှာ'၊ ဘဝ၌ တပ်မက်ခြင်း 'ဘဝတဏှာ'[၁]၊ ဘဝပြတ်စဲခြင်း၌ တပ်မက်ခြင်း 'ဝိဘဝတဏှာ'[၂]တို့တည်း။

ထိုတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် အဘယ်၌ ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။

လောက၌ အကြင် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' သည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'၊ ဤသာယာအပ်သောသဘော 'သာတရူပ' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ'၊ ဤသာယာအပ်သောသဘော 'သာတရူပ' ၌ တည်၏။

၁။ ဘဝတဏှာ= သဿတဒိဋ္ဌိ။
၂။ ဝိဘဝတဏှာ= ဥစ္ဆေဒဒိဋ္ဌိ။

# သစ္စဝိဘင်္ဂ

## ပိယရူပ သာတရူပ (၁၀) မျိုး, (၆၀) ပါးတို့၌ တပ်မက်မှုဖြစ်ပုံ

၁။ လောက၌ ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' သည် အဘယ်နည်း။

## အဇ္ဈတ္တိက အာယတန ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ' သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်ခင်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မျက်စိအကြည် 'စက္ခုပသာဒ' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအကြည် 'စက္ခုပသာဒ' ၌ တည်၏။

(၂) လောက၌ နားအကြည် 'သောတပသာဒ' သည်။ပ။

(၃) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ' သည်။ပ။

(၄) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ' သည်။ပ။

(၅) လောက၌ ကိုယ်အကြည် 'ကာယပသာဒ' သည်။ပ။

(၆) လောက၌ စိတ် 'မနော'သည် ချစ်နှစ်သက်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သောသဘော ရှိသည့် စိတ် 'မနော' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ် 'မနော' ၌ တည်၏။

## အာရုံဖြစ်သော အာရမ္မဏ ဓာတ် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၇) လောက၌ အဆင်း 'ရူပါရုံ' တို့သည် ချစ်နှစ်သက်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာ အပ်သောသဘောရှိသည့် အဆင်း 'ရူပါရုံ' တို့၌ ဖြစ်၏။ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' တို့၌ တည်၏။

(၈) လောက၌ အသံ 'သဒ္ဒါရုံ' တို့သည်။ပ။

(၉) လောက၌ အနံ့ 'ဂန္ဓာရုံ' တို့သည်။ပ။

(၁၀) လောက၌ အရသာ 'ရသာရုံ' တို့သည်။ပ။

(၁၁) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည်။ပ။

(၁၂) လောက၌ စိတ်ဖြင့် သိအပ်သော အာရုံ 'ဓမ္မာရုံ' တို့သည် ချစ်နှစ်သက်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သောသဘောရှိသည့် ဓမ္မာရုံတို့၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံ တို့၌ တည်၏။

# သစ္စဝိဘင်္ဂ

## ဝိညာဏ် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁၃) လောက၌ မြင်သိစိတ် 'စက္ခုဝိညာဏ်' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မြင်သိစိတ် 'စက္ခုဝိညာဏ်' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမြင်သိစိတ် 'စက္ခုဝိညာဏ်' ၌ တည်၏။

(၁၄) လောက၌ ကြားသိစိတ် 'သောတဝိညာဏ်' သည်။ပ။

(၁၅) လောက၌ နံသိစိတ် 'ဃာနဝိညာဏ်' သည်။ပ။

(၁၆) လောက၌ လျက်သိစိတ် 'ဇိဝှါဝိညာဏ်' သည်။ပ။

(၁၇) လောက၌ ထိသိစိတ် 'ကာယဝိညာဏ်' သည်။ပ။

(၁၈) လောက၌ ကြံသိစိတ် 'မနောဝိညာဏ်' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် ကြံသိစိတ် 'မနောဝိညာဏ်' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤကြံသိစိတ် 'မနောဝိညာဏ်' ၌ တည်၏။

## ဖဿ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၁၉) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု 'စက္ခုသမ္ဖဿ' (မျက်စိအတွေ့တည်းဟူသော မြင်တွေ့မှု) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ'သည် ဖြစ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ၌ တည်၏။

(၂၀) လောက၌ နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ'တို့ တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ့= ကြားတွေ့မှု) သည်။ပ။

(၂၁) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့= နံတွေ့မှု) သည်။ပ။

(၂၂) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' (လျှာအတွေ့= လျက်တွေ့မှု) သည်။ပ။

(၂၃) လောက၌ ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ထိမှု 'ကာယသမ္ဖဿ' (ကိုယ်အတွေ့= ထိတွေ့မှု) သည်။ပ။

(၂၄) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့= ကြံတွေ့မှု) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည်ဖြစ်သည် ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စိတ်အတွေ့ 'မနောသမ္ဖဿ' ၌ ဖြစ်၏၊ တည်သည် ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စိတ်အတွေ့ 'မနောသမ္ဖဿ' ၌ တည်၏။

# သစ္စဝိဘင်္ဂ

## ဝေဒနာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၂၅) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ'နှင့် အဆင်း 'ရူပါရုံ'တို့ တွေ့ထိမှု (မျက်စိအတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် မျက်စိအတွေ့ ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် ခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိ အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာဝေဒနာ' ၌ တည်၏။

(၂၆) လောက၌ နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ထိမှု (နားအတွေ့) ကြောင့် ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာ ဝေဒနာ' သည်။ပ။

(၂၇) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ထိမှု (နှာခေါင်း အတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာ ဝေဒနာ' သည်။ပ။

(၂၈) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ထိမှု (လျှာအတွေ့) ကြောင့် ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာ ဝေဒနာ' သည်။ပ။

(၂၉) လောက၌ ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ထိမှု (ကိုယ် အတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာ ဝေဒနာ' သည်။ပ။

(၃၀) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု (စိတ်အတွေ့) ကြောင့်ဖြစ်သော ခံစားမှု 'မနောသမ္ဖဿဇာဝေဒနာ' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤစိတ်အတွေ့ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သောသဘော ရှိသည့် ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ' ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်အတွေ့ ကြောင့်ဖြစ်သော ခံစားမှု 'မနောသမ္ဖဿဇာ ဝေဒနာ' ၌ တည်၏။

# သစ္စဝိဘင်္ဂ

## သညာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၃၁) လောက၌ အဆင်း 'ရူပါရုံ' ကို မှတ်သားမှု 'သညာ' (ရူပသညာ) သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ကို ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ရူပသညာ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ကို ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ရူပသညာ) ၌ တည်၏။

(၃၂) လောက၌ အသံ 'သဒ္ဒါရုံ' ကို မှတ်သားမှု 'သညာ' (သဒ္ဒသညာ) သည်။ပ။

(၃၃) လောက၌ အနံ့ 'ဂန္ဓာရုံ' ကို မှတ်သားမှု 'သညာ' (ဂန္ဓသညာ) သည်။ပ။

(၃၄) လောက၌ အရသာ 'ရသာရုံ' ကို မှတ်သားမှု 'သညာ' (ရသသညာ) သည်။ပ။

(၃၅) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို မှတ်သားမှု 'သညာ' (ဖောဋ္ဌဗ္ဗသညာ) သည်။ပ။

(၃၆) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤဓမ္မာရုံကို ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံကို ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၌ တည်၏။

# သစ္စဝိဘင်္ဂ

## စေတနာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၃၇) လောက၌ အဆင်း ‘ရူပါရုံ’၌ ဖြစ်သော စေ့ဆော်မှုနှိုးဆော်မှု ‘စေတနာ’ (အဆင်း ‘ရူပါရုံ’ ကို မြင်မှု၌ စေ့ဆော် တိုက်တွန်းအားထုတ်မှု ‘ရူပသဉ္စေတနာ’ ) သည် ချစ်အပ်သောသဘော ‘ပိယရူပ’၊ သာယာအပ်သော သဘော ‘သာတရူပ’ ဖြစ်၏။ ဤတပ်မက်မှု ‘တဏှာ’ သည် ဖြစ်သည်ရှိသော် ဤအဆင်း ‘ရူပါရုံ’ ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ ၌ ဖြစ်၏၊ တည်သည် ရှိသော် ဤအဆင်း ‘ရူပါရုံ’ ၌ ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ ၌ တည်၏။

(၃၈) လောက၌ အသံ ‘သဒ္ဒါရုံ’ ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ (အသံ ‘သဒ္ဒါရုံ’ ကို ကြားမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု ‘သဒ္ဒသဉ္စေတနာ’) သည်။ပ။

(၃၉) လောက၌ အနံ့ ‘ဂန္ဓာရုံ’ ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ (အနံ့ ‘ဂန္ဓာရုံ’ ကို နံမှု၌ စေ့ဆော် တိုက်တွန်းအားထုတ်မှု ‘ဂန္ဓသဉ္စေတနာ’) သည်။ပ။

(၄၀) လောက၌ အရသာ ‘ရသာရုံ’ ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ (အရသာ ‘ရသာရုံ’ ကို လျက်မှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု ‘ရသသဉ္စေတနာ’) သည်။ပ။

(၄၁) လောက၌ အတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’ ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ (အတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’ ကို တွေ့ထိမှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု ‘ဖောဋ္ဌဗ္ဗသဉ္စေတနာ’ ) သည်။ပ။

(၄၂) လောက၌ စိတ်ဖြင့် သိအပ်သော သဘော အာရုံ ‘ဓမ္မာရုံ’ ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု စေတနာ (စိတ်ဖြင့် သိအပ်သော သဘော အာရုံ ‘ဓမ္မာရုံ’ ကို သိမှု၌ စေ့ဆော်တိုက်တွန်းအားထုတ်မှု ‘ဓမ္မသဉ္စေတနာ’) သည် ချစ်အပ်သောသဘော ‘ပိယရူပ’၊ သာယာအပ်သောသဘော ‘သာတရူပ’ ဖြစ်၏။ ဤတပ်မက်မှု ‘တဏှာ’ သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ ‘ဓမ္မာရုံ’ ၌ ဖြစ်သော ချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ ‘ဓမ္မာရုံ’ ၌ ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသည့် စေ့ဆော်မှု နှိုးဆော်မှု ‘စေတနာ’ ၌ တည်၏။

# သစ္စဝိဘင်္ဂ

## တဏှာ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၄၃) လောက၌ အဆင်း 'ရူပါရုံ' ၌ တပ်မက်မှု 'တဏှာ' (ရူပတဏှာ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ၌ ဖြစ်သော တပ်မက်မှု 'တဏှာ' (ရူပတဏှာ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ၌ ဖြစ်သော တပ်မက်မှု 'တဏှာ' (ရူပတဏှာ) ၌ တည်၏။

(၄၄) လောက၌ အသံ 'သဒ္ဒါရုံ' ၌ တပ်မက်မှု 'တဏှာ' (သဒ္ဒတဏှာ) သည်။ပ။

(၄၅) လောက၌ အနံ့ 'ဂန္ဓာရုံ' ၌ တပ်မက်မှု 'တဏှာ' (ဂန္ဓတဏှာ) သည်။ပ။

(၄၆) လောက၌ အရသာ 'ရသာရုံ' ၌ တပ်မက်မှု 'တဏှာ' (ရသတဏှာ) သည်။ပ။

(၄၇) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ၌ တပ်မက်မှု 'တဏှာ' (ဖောဋ္ဌဗ္ဗတဏှာ) သည်။ပ။

(၄၈) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ ဖြစ်သော တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ ဖြစ်သော တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) ၌ တည်၏။

# သစ္စဝိဘင်္ဂ

## ဝိတက် ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၄၉) လောက၌ အဆင်း 'ရူပါရုံ' ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) ၌ တည်၏။

(၅၀) လောက၌ အသံ 'သဒ္ဒါရုံ' ကို ကြံစည်မှု 'ဝိတက်' (သဒ္ဒဝိတက်) သည်။ပ။

(၅၁) လောက၌ အနံ့ 'ဂန္ဓာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဂန္ဓဝိတက်) သည်။ပ။

(၅၂) လောက၌ အရသာ 'ရသာရုံ' ကို ကြံစည်မှု 'ဝိတက်' (ရသဝိတက်) သည်။ပ။

(၅၃) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဖောဋ္ဌဗ္ဗဝိတက်) သည်။ပ။

(၅၄) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မာရုံကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) ၌ တည်၏။

# သစ္စဝိဘင်္ဂ

## ဝိစာရ ၆-ပါး၌ တပ်မက်မှုဖြစ်ပုံ

(၅၅) လောက၌ အဆင်း 'ရူပါရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရူပဝိစာရ) သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏၊ ဤ တပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ကို သုံးသပ်မှု 'ဝိစာရ' (အဆင်း 'ရူပါရုံ' အပေါ်၌ အဖန်ဖန် ကျက်စားမှု 'ရူပဝိစာရ') ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ကို သုံးသပ်မှု 'ဝိစာရ' (အဆင်း 'ရူပါရုံ'အပေါ်၌ အဖန်ဖန် ကျက်စားမှု 'ရူပဝိစာရ') ၌ တည်၏။

(၅၆) လောက၌ အသံ 'သဒ္ဒါရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအသံ 'သဒ္ဒါရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအသံ 'သဒ္ဒါရုံ' ကို သုံးသပ်မှု (အာရုံ အပေါ်၌ အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) ၌ တည်၏။

(၅၇) လောက၌ အနံ့ 'ဂန္ဓာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအနံ့ 'ဂန္ဓာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအနံ့ 'ဂန္ဓာရုံ' ကို သုံးသပ်မှု (အာရုံ အပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) ၌ တည်၏။

(၅၈) လောက၌ အရသာ 'ရသာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအရသာ 'ရသာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအရသာ 'ရသာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) ၌ တည်၏။

(၅၉) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန်ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤအတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) ၌ တည်၏။

(၆၀) လောက၌ စိတ်ဖြင့် သိအပ်သောသဘော အာရုံ 'ဓမ္မာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' သည် ဖြစ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သောသဘော အာရုံ 'ဓမ္မာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) ၌ တည်၏။ ဤဆိုခဲ့ပြီးသော သဘောကို မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့်မြတ်သဖြင့် 'အရိယာ' ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲမှု ဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယအရိယသစ္စာ' ဟု ဆိုအပ်၏။

**(ဒုက္ခသမုဒယအရိယသစ္စာ ပြီး၏)။**

# သစ္စဝိဘင်္ဂ

## ၃ - နိရောဓအရိယသစ္စာ

## (အရိယတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲချုပ်မှု အမှန်သဘော)

၂၀၄။ ထိုအရိယသစ္စာ ၄-ပါးတို့တွင် အဘယ်သည် မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင် မြင့်မြတ်သဖြင့် 'အရိယာ' ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သည့် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓ အရိယသစ္စာ' မည်သနည်း။

ထိုတပ်မက်မှု 'တဏှာ' ၏သာလျှင် အကြွင်း အကြွင်းမဲ့ကင်းခြင်း ချုပ်ပျောက်ခြင်း 'အသေသဝိရာဂ နိရောဓ'[၁]၊ (အကြွင်းမဲ့) စွန့်ခြင်း 'စာဂ'[၁]၊ (အကြွင်းမဲ့) လွတ်လွတ်ကင်းကင်း ဝေးဝေးစွန့်ခြင်း 'ပဋိနိဿဂ္ဂ'[၁]၊ (အကြွင်းမဲ့) လွတ်မြောက်ခြင်း 'မုတ္တိ'[၁]၊ မတွယ်တာမကပ်ငြိခြင်း 'အနာလယ'[၁] သည် ရှိ၏။ ထိုတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။

လောက၌ အကြင် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' သည် ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ' နှင့် သာယာအပ်သော သဘော 'သာတရူပ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်အပ်သော သဘော 'ပိယရူပ' နှင့် သာယာအပ်သောသဘော 'သာတရူပ' ၌ ချုပ်၏။

၁။ အသေသဝိရာဂနိရောဓ, စာဂ, ပဋိနိဿဂ္ဂ, မုတ္တိ, အနာလယ ပုဒ်တို့သည် နိဗ္ဗာန်၏ ပရိယာယ်များ ဖြစ်သည်။ (သမ္မော၊ အဘိ၊ ၄၊ နှာ-၁၀၆)။

# သစ္စဝိဘင်္ဂ

## ပိယရူပ သာတရူပ ၁၀-မျိုး, ၆၀-ပါးတို့၌ တပ်မက်မှုကို ပယ်ပုံ

လောက၌ ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' သည် အဘယ်နည်း။

## အဇ္ဈတ္တိကအာယတန ၆-ပါး၌ တပ်မက်မှုချုပ်ငြိမ်းပုံ

(၁) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏၊ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် မျက်စိအကြည် 'စက္ခုပသာဒ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမျက်စိအကြည် 'စက္ခုပသာဒ' ၌ ချုပ်၏။

(၂) လောက၌ နားအကြည် 'သောတပသာဒ' သည်။ပ။

(၃) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ' သည်။ပ။

(၄) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ' သည်။ပ။

(၅) လောက၌ ကိုယ်အကြည် 'ကာယပသာဒ' သည်။ပ။

(၆) လောက၌ အာရုံကို သိမှုစိတ် 'မနော' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် သိမှုစိတ် 'မနော' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤအာရုံကို သိမှုစိတ် 'မနော' ၌ ချုပ်၏။

## ဗာဟိရအာယတန ၆-ပါး (အာရုံ ၆-ပါး) ၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၇) လောက၌ အဆင်း 'ရူပါရုံ' တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသည့် အဆင်း 'ရူပါရုံ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤအဆင်း 'ရူပါရုံ' ၌ ချုပ်၏။

(၈) လောက၌ အသံ 'သဒ္ဒါရုံ' တို့သည်။ပ။

(၉) လောက၌ အနံ့ 'ဂန္ဓာရုံ' တို့သည်။ပ။

(၁၀) လောက၌ အရသာ 'ရသာရုံ' တို့သည်။ပ။

(၁၁) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့သည်။ပ။

(၁၂) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' တို့သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည် ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော 'ဓမ္မာရုံ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘော အာရုံ 'ဓမ္မာရုံ' ၌ ချုပ်၏။

# သစ္စဝိဘင်္ဂ

## ဝိညာဏဓာတ် ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁၃) လောက၌ မြင်သိစိတ် 'စက္ခုဝိညာဏ်' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သကအပ် သာယာအပ်သော သဘောရှိသော မြင်သိစိတ် 'စက္ခုဝိညာဏ်' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမြင်သိစိတ် 'စက္ခုဝိညာဏ်' ၌ ချုပ်၏။

(၁၄) လောက၌ ကြားသိစိတ် 'သောတဝိညာဏ်' သည်။ပ။

(၁၅) လောက၌ နံသိစိတ် 'ဃာနဝိညာဏ်' သည်။ပ။

(၁၆) လောက၌ လျက်သိစိတ် 'ဇိဝှါဝိညာဏ်' သည်။ပ။

(၁၇) လောက၌ ထိသိစိတ် 'ကာယဝိညာဏ်' သည်။ပ။

(၁၈) လောက၌ ကြံသိစိတ် 'မနောဝိညာဏ်' သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော ကြံသိစိတ် 'မနောဝိညာဏ်' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤကြံသိစိတ် 'မနောဝိညာဏ်' ၌ ချုပ်၏။

# သစ္စဝိဘင်္ဂ

## ဖဿ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၁၉) လောက၌ မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်း 'ရူပါရုံ' တို့ တွေ့ထိမှု မျက်စိအတွေ့ (မြင်တွေ့မှု) 'စက္ခုသမ္ဖဿ' သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘော ရှိသော မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသော (မျက်စိအကြည် 'စက္ခုပသာဒ' နှင့် အဆင်းရူပါရုံတို့ တွေ့ထိမှု) မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ၌ ချုပ်၏။

(၂၀) လောက၌ နားအကြည် 'သောတပသာဒ' နှင့် အသံ 'သဒ္ဒါရုံ' တို့ တွေ့ထိမှု 'သောတသမ္ဖဿ' (နားအတွေ့= ကြားတွေ့မှု) သည်။ပ။

(၂၁) လောက၌ နှာခေါင်းအကြည် 'ဃာနပသာဒ' နှင့် အနံ့ 'ဂန္ဓာရုံ' တို့ တွေ့ထိမှု 'ဃာနသမ္ဖဿ' (နှာခေါင်းအတွေ့ = နံတွေ့မှု) သည်။ပ။

(၂၂) လောက၌ လျှာအကြည် 'ဇိဝှါပသာဒ' နှင့် အရသာ 'ရသာရုံ' တို့ တွေ့ထိမှု 'ဇိဝှါသမ္ဖဿ' (လျှာအတွေ့ = လျက်တွေ့မှု) သည်။ပ။

(၂၃) လောက၌ ကိုယ်အကြည် 'ကာယပသာဒ' နှင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' တို့ တွေ့ထိမှု 'ကာယသမ္ဖဿ' (ကိုယ်အတွေ့ = ထိတွေ့မှု) သည်။ပ။

(၂၄) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့ = ကြံတွေ့မှု) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည် ရှိသော် ဤချစ်အပ်သောသဘော 'ပိယရူပ' နှင့် သာယာအပ်သောသဘော 'သာတရူပ' ဖြစ်သော 'မနောသမ္ဖဿ' (စိတ်အတွေ့) ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤချစ်နှစ်သက်အပ် သာယာအပ်သော သဘောရှိသော (စိတ်နှင့် ဓမ္မာရုံတို့) တွေ့ထိမှု 'မနောသမ္ဖဿ' (စိတ်အတွေ့) ၌ ချုပ်၏။

# သစ္စဝိဘင်္ဂ

## ဝေဒနာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၂၅) လောက၌ မျက်စိအကြည် ‘စက္ခုပသာဒ’ နှင့် အဆင်း ‘ရူပါရုံ’ တို့ တွေ့ထိမှု ‘စက္ခုသမ္ဖဿ’ (မျက်စိအတွေ့ = မြင်တွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု ‘ဝေဒနာ’ (စက္ခုသမ္ဖဿဇာဝေဒနာ) သည် ချစ်အပ်သောသဘော ‘ပိယရူပ’၊ သာယာအပ်သောသဘော ‘သာတရူပ’ ဖြစ်၏။ ဤတပ်မက်မှု ‘တဏှာ’ ကို ပယ်အပ်သည်ရှိသော် မျက်စိအကြည် ‘စက္ခုပသာဒ’ နှင့် အဆင်း ‘ရူပါရုံ’ တို့ တွေ့ထိမှု ‘စက္ခုသမ္ဖဿ’ (မျက်စိအတွေ့)ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသော ခံစားမှု ‘ဝေဒနာ’ (စက္ခုသမ္ဖဿဇာဝေဒနာ)၌ ပယ်အပ်၏၊ ချုပ်သည် ရှိသော် ဤမျက်စိ အတွေ့ကြောင့်ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသော ခံစားမှု ‘ဝေဒနာ’ (စက္ခုသမ္ဖဿဇာ ဝေဒနာ) ၌ ချုပ်၏။

(၂၆) လောက၌ နားအကြည် ‘သောတပသာဒ’ နှင့် အသံ ‘သဒ္ဒါရုံ’ တို့ တွေ့ထိမှု ‘သောတသမ္ဖဿ’ (နားအတွေ့ = ကြားတွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု ‘ဝေဒနာ’ (သောတသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၂၇) လောက၌ နှာခေါင်းအကြည် ‘ဃာနပသာဒ’ နှင့် အနံ့ ‘ဂန္ဓာရုံ’ တို့ တွေ့ထိမှု ‘ဃာနသမ္ဖဿ’ (နှာခေါင်းအတွေ့ = နံတွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု ‘ဝေဒနာ’ (ဃာနသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၂၈) လောက၌ လျှာအကြည် ‘ဇိဝှါပသာဒ’နှင့် အရသာ ‘ရသာရုံ’ တို့ တွေ့ထိမှု ‘ဇိဝှါသမ္ဖဿ’ (လျှာအတွေ့ = လျက်တွေ့မှု) ကြောင့်ဖြစ်သော ခံစားမှု ‘ဝေဒနာ’ (ဇိဝှါသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၂၉) လောက၌ ကိုယ်အကြည် ‘ကာယပသာဒ’ နှင့် အတွေ့ ‘ဖောဋ္ဌဗ္ဗာရုံ’ တို့ တွေ့ထိမှု ‘ကာယသမ္ဖဿ’ (ကိုယ်အတွေ့ = တွေ့ထိမှု) ကြောင့်ဖြစ်သော ခံစားမှု ‘ဝေဒနာ’ (ကာယသမ္ဖဿဇာဝေဒနာ) သည်။ပ။

(၃၀) လောက၌ စိတ်နှင့် ဓမ္မာရုံတို့ တွေ့ထိမှု ‘မနောသမ္ဖဿ’ (စိတ်အတွေ့ = ကြံတွေ့မှု) ကြောင့် ဖြစ်သော ခံစားမှု ‘ဝေဒနာ’ (မနောသမ္ဖဿဇာ ဝေဒနာ) သည် ချစ်အပ်သောသဘော ‘ပိယရူပ’၊ သာယာအပ်သော သဘော ‘သာတရူပ’ ဖြစ်၏။ ဤတပ်မက်မှု ‘တဏှာ’ ကို ပယ်အပ်သည်ရှိသော် ဤစိတ်အတွေ့ ‘မနောသမ္ဖဿ’ ကြောင့် ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သောသဘော ရှိသော ခံစားမှု ‘ဝေဒနာ’ (မနောသမ္ဖဿဇာဝေဒနာ) ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်အတွေ့ ‘မနောသမ္ဖဿ’ ကြောင့် ဖြစ်သော ချစ်နှစ်သက်အပ်, သာယာအပ်သော သဘောရှိသော ခံစားမှု ‘ဝေဒနာ’ (မနော သမ္ဖဿဇာ ဝေဒနာ) ၌ ချုပ်၏။

# သစ္စဝိဘင်္ဂ

## သညာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၃၁) လောက၌ အဆင်း 'ရူပါရုံ' ကို မှတ်သားမှု 'သညာ' (ရူပသညာ) သည်။ပ။

(၃၂) လောက၌ အသံ 'သဒ္ဒါရုံ' ကို မှတ်သားမှု 'သညာ' (သဒ္ဒသညာ) သည်။ပ။

(၃၃) လောက၌ အနံ့ 'ဂန္ဓာရုံ' ကို မှတ်သားမှု 'သညာ' (ဂန္ဓသညာ) သည်။ပ။

(၃၄) လောက၌ အရသာ 'ရသာရုံ' ကို မှတ်သားမှု 'သညာ' (ရသသညာ) သည်။ပ။

(၃၅) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို မှတ်သားမှု 'သညာ' (ဖောဋ္ဌဗ္ဗသညာ) သည်။ပ။

(၃၆) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို မှတ်သားမှု 'သညာ (ဓမ္မသညာ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို မှတ်သားမှု 'သညာ' (ဓမ္မသညာ) ၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ' နှင့် သာယာဖွယ်သော 'သာတရူပ' ၌ ချုပ်၏။

## စေတနာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၃၇) လောက၌ အဆင်း 'ရူပါရုံ' ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အဆင်း 'ရူပါရုံ' ကို မြင်မှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ရူပသဉ္စေတနာ) သည်။ပ။

(၃၈) လောက၌ အသံ 'သဒ္ဒါရုံ' ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အသံ 'သဒ္ဒါရုံ' ကို ကြားမှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'သဒ္ဒသဉ္စေတနာ') သည်။ပ။

(၃၉) လောက၌ အနံ့ 'ဂန္ဓာရုံ' ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အနံ့ 'ဂန္ဓာရုံ' ကို နံမှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ဂန္ဓသဉ္စေတနာ') သည်။ပ။

(၄၀) လောက၌ အရသာ 'ရသာရုံ' ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အရသာ 'ရသာရုံ' ကို လျက်မှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ရသသဉ္စေတနာ') သည်။ပ။

(၄၁) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိမှု၌ စေ့ဆော်တိုက်တွန်း အားထုတ်မှု 'ဖောဋ္ဌဗ္ဗသဉ္စေတနာ') သည်။ပ။

(၄၂) လောက၌ စိတ်ဖြင့်သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို သိမှု၌ နှိုးဆော် တိုက်တွန်း အားထုတ်မှု 'ဓမ္မသဉ္စေတနာ') သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (ဓမ္မသဉ္စေတနာ) ၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ ဖြစ်သော စေ့ဆော်မှု နှိုးဆော်မှု 'စေတနာ' (ဓမ္မသဉ္စေတနာ) ၏ ချစ်နှစ်သက် ဖွယ်သဘော 'ပိယရူပ'နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ချုပ်၏။

# သစ္စဝိဘင်္ဂ

## တဏှာ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၄၃) လောက၌ အဆင်း 'ရူပါရုံ' ၌ တပ်မက်မှု 'တဏှာ' (ရူပတဏှာ) သည်။ပ။

(၄၄) လောက၌ အသံ 'သဒ္ဒါရုံ' ၌ တပ်မက်မှု 'တဏှာ' (သဒ္ဒတဏှာ) သည်။ပ။

(၄၅) လောက၌ အနံ့ 'ဂန္ဓာရုံ' ၌ တပ်မက်မှု 'တဏှာ' (ဂန္ဓတဏှာ) သည်။ပ။

(၄၆) လောက၌ အရသာ 'ရသာရုံ' ၌ တပ်မက်မှု 'တဏှာ' (ရသ တဏှာ) သည်။ပ။

(၄၇) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ၌ တပ်မက်မှု 'တဏှာ' (ဖောဋ္ဌဗ္ဗတဏှာ) သည်။ပ။

(၄၈) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ၌ တပ်မက်မှု 'တဏှာ' (ဓမ္မတဏှာ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သောသဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤဓမ္မာရုံ၌ဖြစ်သော တပ်မက်မှု 'ဓမ္မတဏှာ' ၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မာရုံကို တပ်မက်မှု 'ဓမ္မတဏှာ' ၏ ချစ်နှစ်သက်ဖွယ်သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ချုပ်၏။

## ဝိတက် ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၄၉) လောက၌ အဆင်း 'ရူပါရုံ' ကို ကြံစည်မှု 'ဝိတက်' (ရူပဝိတက်) သည်။ပ။

(၅၀) လောက၌ အသံ 'သဒ္ဒါရုံ' ကို ကြံစည်မှု 'ဝိတက်' (သဒ္ဒဝိတက်) သည်။ပ။

(၅၁) လောက၌ အနံ့ 'ဂန္ဓာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဂန္ဓဝိတက်) သည်။ပ။

(၅၂) လောက၌ အရသာ 'ရသာရုံ' ကို ကြံစည်မှု 'ဝိတက်' (ရသဝိတက်) သည်။ပ။

(၅၃) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဖောဋ္ဌဗ္ဗ ဝိတက်) သည်။ပ။

(၅၄) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို ကြံစည်မှု 'ဝိတက်' (ဓမ္မဝိတက်) သည် ချစ်အပ်သော သဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤဓမ္မာရုံကို ကြံစည်မှု 'ဓမ္မဝိတက်' ၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မာရုံကို ကြံစည်မှု 'ဓမ္မဝိတက်' ၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ချုပ်၏။

# သစ္စဝိဘင်္ဂ

## ဝိစာရ ၆-ပါး၌ တပ်မက်မှု ချုပ်ငြိမ်းပုံ

(၅၅) လောက၌ အဆင်း 'ရူပါရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရူပဝိစာရ) သည်။ပ။

(၅၆) လောက၌ အသံ 'သဒ္ဒါရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (သဒ္ဒဝိစာရ) သည်။ပ။

(၅၇) လောက၌ အနံ့ 'ဂန္ဓာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဂန္ဓဝိစာရ) သည်။ပ။

(၅၈) လောက၌ အရသာ 'ရသာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ရသဝိစာရ) သည်။ပ။

(၅၉) လောက၌ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဖောဋ္ဌဗ္ဗဝိစာရ) သည်။ပ။

(၆၀) လောက၌ စိတ်ဖြင့် သိအပ်သော သဘောအာရုံ 'ဓမ္မာရုံ' ကို သုံးသပ်မှု (အာရုံအပေါ်၌ အဖန်ဖန် ကျက်စားမှု) 'ဝိစာရ' (ဓမ္မဝိစာရ) သည် ချစ်အပ်သောသဘော 'ပိယရူပ'၊ သာယာအပ်သော သဘော 'သာတရူပ' ဖြစ်၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်အပ်သည်ရှိသော် ဤဓမ္မာရုံကို သုံးသပ်မှု 'ဓမ္မဝိစာရ' ၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မာရုံကို သုံးသပ်မှု 'ဓမ္မဝိစာရ' ၏ ချစ်နှစ်သက်ဖွယ် သဘော 'ပိယရူပ' နှင့် သာယာဖွယ်သဘော 'သာတရူပ' ၌ ချုပ်၏။ ဤဆိုခဲ့ပြီးသော သဘောကို မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင် မြင့်မြတ်သဖြင့် 'အရိယာ' ဟု ခေါ်တွင်သော ပုဂ္ဂိုလ်တို့ ထိုးထွင်းသိအပ်သော ဆင်းရဲချုပ်မှု အမှန် သဘော 'ဒုက္ခနိရောဓအရိယသစ္စာ' ဟု ဆိုအပ်၏။

**(ဒုက္ခနိရောဓ အရိယသစ္စာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၄ - မဂ္ဂအရိယသစ္စာ

## ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ

## (ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သည့် အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သော အမှန်သဘော)

၂၀၅။ ထိုအရိယသစ္စာ ၄-ပါးတို့တွင် အဘယ်သည် အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း အကျင့်ဖြစ်သည့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ'[၁] မည်သနည်း။

အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာသို့ ရောက်ကြောင်း အကျင့်သည် (ကိလေသာတို့မှ) ဖြူစင်မြင့်မြတ်သော အင်္ဂါရှစ်ပါးရှိသည့် ဤနိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ္ဂ' ပင်တည်း။ ဤအင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' ဟူသည် အဘယ်နည်း။

၁။ မဂ္ဂင်ရှစ်ပါးသည်ပင် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ' ဖြစ်သည်။

### မဂ္ဂင် ၈-ပါး

(၁) မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။

(၂) မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'။

(၃) မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ'။

(၄) မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'။

(၅) မဖောက်မပြန် မှန်ကန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'။

(၆) မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'။

(၇) မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့ခြင်း 'သမ္မာသတိ'။

(၈) မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ' (တည်းဟူသော ဤရှစ်ပါးတို့တည်း)။

**သမ္မာဒိဋ္ဌိ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မည်သနည်း။

ဆင်းရဲ၌ သိမှု 'ဒုက္ခေ ဉာဏံ'၊ ဆင်းရဲဖြစ်ကြောင်း၌ သိမှု 'ဒုက္ခသမုဒယေ ဉာဏံ'၊ ဆင်းရဲချုပ်မှု၌ သိမှု 'ဒုက္ခနိရောဓေ ဉာဏံ'၊ ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်၌ သိမှု 'ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ'။

ဤသို့ ဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

**သမ္မာသင်္ကပ္ပ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'[၁] မည်သနည်း။

(၁) ကာမအာရုံ ကာမဂုဏ် အနှောင်အဖွဲ့မှ လွတ်မြောက်သော ကြံစည်မှု 'နေက္ခမ္မသင်္ကပ္ပ'။

(၂) ဒေါသလွတ်ကင်းသော ကြံစည်မှု (မေတ္တာနှင့်ယှဉ်သည့် ကြံစည်မှု) 'အဗျာပါဒသင်္ကပ္ပ'။

(၃) ညှဉ်းဆဲနှိပ်စက်ခြင်းမှ လွတ်ကင်းသော ကြံစည်မှု (ကရုဏာနှင့် ယှဉ်သည့် ကြံစည်မှု) 'အဝိဟိံသ သင်္ကပ္ပ'။

ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

**သမ္မာဝါစာ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' မည်သနည်း။

မဟုတ် မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'မုသာဝါဒါဝေရမဏီ'၊ ကုန်းချော ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း (အချင်းချင်း ချစ်ခင်မှုကို ကြိတ်ချေဖျက်ဆီးသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု) 'ပိသုဏာဝါစာ ဝေရမဏီ'၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'ဖရုသဝါစာ ဝေရမဏီ'၊ အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း 'သမ္ဖပ္ပလာပါဝေရမဏီ'။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' ဟု ဆိုအပ်၏။

**သမ္မာကမ္မန္တ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မည်သနည်း။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း 'ပါဏာတိပါတာ ဝေရမဏီ'၊ ပိုင်ရှင်မပေးအပ်သော သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း 'အဒိန္နာဒါနာ ဝေရမဏီ'၊ ကာမဂုဏ်မေထုန်အမှုတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း 'ကာမေသုမိစ္ဆာစာရာ ဝေရမဏီ'။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်မှု 'သမ္မာကမ္မန္တ' ဟု ဆိုအပ်၏။

**သမ္မာအာဇီဝ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ အသက်မွေးခြင်း 'သမ္မာအာဇီဝ'[၂] မည် သနည်း။

ဤသာသနာတော်၌ (ကိလေသာတို့မှ) ဖြူစင်မြင့်မြတ်သဖြင့် အရိယာဟု ခေါ်တွင်သော တပည့်သည် မှားယွင်းစွာ အသက်မွေးမှုကို ပယ်စွန့်၍ မဖောက်မပြန် မှန်ကန်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်းကို ပြု၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟု ဆိုအပ်၏။

**သမ္မာဝါယာမ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'[၇] မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါး[၇]နှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

ဖြစ်ပြီးကုန်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်စွန့်ခြင်းငှါ အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

မဖြစ်သေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံ အာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး) ၏ (ဝီရိယရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့ကို တည်တံ့စေခြင်းငှါ(ဌိတိယာ), မပျောက်ပျက် မပျက်စီးစေခြင်းငှါ (အသမ္မောသာယ), များစွာတိုးပွါးစေခြင်းငှါ (ဘိယျောဘာဝါယ), ပြန့်ပြောစေခြင်းငှါ (ပြန့်ပွါးစေခြင်းငှါ) (ဝေပုလ္လာယ), ပွါးများမှု ပြည့်စုံစေခြင်းငှါ (ဘာဝနာယ ပါရိပူရိယာ), အားထုတ်လိုသော ဆန္ဒကို ဖြစ်စေ၏ (ဆန္ဒံ ဇနေတိ)၊ လုံ့လပြု၏ (ဝါယမတိ)၊ ကြိုးစားအားထုတ်၏ (ဝီရိယံအာရဘတိ)၊ စိတ်ကို ချီးမြှောက် (အားပေး)၏ (ဝီရိယ ရှိစေ၏) (စိတ္တံ ပဂ္ဂဏှာတိ)၊ မဖြစ်မနေ စိတ်ကို ဆောက်တည်၍ အားထုတ်၏ (အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၏) (ပဒဟတိ)။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ် လုံ့လပြုခြင်း 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။

**သမ္မာသတိ။ ။**

ထိုမဂ္ဂင် ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူး စိုက်စိုက် အောက်မေ့ခြင်း 'သမ္မာသတိ'[၅] မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ကိလေသာ အညစ်အကြေးတို့ကို ပူပန် (ခန်းခြောက်) စေတတ်သော လုံ့လရှိသည်ဖြစ်၍ (ပြင်းထန်သော လုံ့လဝီရိယရှိသည်ဖြစ်၍) (အာတာပီ), ကောင်းစွာ အပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍ (သမ္ပဇာနော), မမေ့မလျော့ အောက်မေ့ခြင်း သတိ ရှိသည်ဖြစ်၍ (သတိမာ) လောက၌[၆] ရှေးရှုကြံစည် သောအားဖြင့် အလွန်တပ်မက်မှု 'အဘိဇ္ဈာ' နှင့် စိတ်နှလုံး မသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ ဆံပင်စသော စက်ဆုပ်ဖွယ်တရားတို့ ဖြစ်ပေါ်ရာ ခန္ဓာကိုယ် ရုပ်အပေါင်း၌ ဆံပင်စသော စက်ဆုပ်ဖွယ်တရားတို့ ဖြစ်ပေါ်ရာ ခန္ဓာကိုယ် ရုပ်အပေါင်းဟူ၍ အဖန်ဖန် ရှုလျက် နေ၏ (ကာယေ ကာယာနုပဿီ)။

ခံစားမှု 'ဝေဒနာ' တို့၌။ပ။

သိမှု 'စိတ်' ၌။ပ။

ကိလေသာ အညစ်အကြေးတို့ကို ပူပန် (ခန်းခြောက်) စေတတ်သော လုံ့လရှိသည်ဖြစ်၍ (ပြင်းထန်သော လုံ့လ ဝီရိယရှိသည်ဖြစ်၍) (အာတာပီ), ကောင်းစွာ အပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည် ဖြစ်၍ (သမ္ပဇာနော), မမေ့မလျော့ အောက်မေ့ခြင်း သတိရှိသည်ဖြစ်၍ (သတိမာ), လောက၌ ရှေးရှုကြံစည်သောအားဖြင့် အလွန်တပ်မက်မှု 'အဘိဇ္ဈာ' နှင့် စိတ်နှလုံး မသာယာမှု 'ဒေါမနဿ' ကို ပယ်ဖျောက်၍ နီဝရဏတရား, ခန္ဓာငါးပါးစသော တရားတို့၏ မမြဲသောသဘော အနိစ္စစသော သဘောတရားတို့၌ မမြဲသော သဘောတရားတို့ဟူ၍ အဖန်ဖန် ရှု၍နေ၏ (ဓမ္မေသု ဓမ္မာနုပဿီ)။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။

**သမ္မာသမာဓိ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) ‘သမ္မာသမာဓိ’ မည်သနည်း။

၁။ သမ္မာသင်္ကပ္ပ ၃-ပါး = သမ္မာဝိတက် ၃-ပါး = နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသဝိတက်။
၂။ သမ္မာအာဇီဝ= သမ္မာဝါစာ, သမ္မာကမ္မန္တအားဖြင့် အသက်မွေးခြင်း (သမ္မောဟဝိနောဒနီ၊ အဘိ၊ ဌ၊ ၂၊ နှာ-၁၁၂)
၃။ သမ္မာဝါယာမ = သမ္မပ္ပဓာန် ၄-ပါး။
၄။ ဝီရိယအင်္ဂါ၄-ပါး = (၁) အရေကြွင်းစေ၊ (၂) အကြောကြွင်းစေ၊ (၃) အရိုးကြွင်းစေ၊ (၄) အသားအသွေး ခန်းခြောက်စေ- ဟု အားထုတ်ခြင်း။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ကီဋာဂိရိသုတ်၊ နှာ-၁၄၆။
၅။ သမ္မာသတိ = သတိပဋ္ဌာန် ၄-ပါး၊ သတိသမ္ဗောဇ္ဈင်။
၆။ လောက = ဥပါဒါနက္ခန္ဓာ ၅-ပါး၊ သင်္ခါရတရားများ။

**ပထမစျာန် သမ္မာသမာဓိ။ ။**

ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်ငါးပါးတို့မှ ကင်းဆိတ်၍ (ကင်းလွတ်၍) သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ (ကင်း လွတ်၍) သာလျှင် ကြံစည်ခြင်း ‘ဝိတက်’ နှင့်တကွဖြစ်သော (သဝိတက္က), အာရုံအပေါ်၌ အဖန်ဖန် ဆင်ခြင်သုံးသပ်ခြင်း ‘ဝိစာရ’ နှင့်တကွဖြစ်သော (သဝိစာရ), နီဝရဏတရားတို့၏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော (ဝိဝေကဇ), နှစ်သက်ခြင်း ‘ပီတိ’ ချမ်းသာခြင်း ‘သုခ’ ရှိသော (ပီတိသုခ) ပဌမစျာန်သို့[၁] ရောက်၍ နေ၏ (ပထမစျာန်ကို မျက်မှောက်ပြု၍ နေ၏)။

**ဒုတိယစျာန် သမ္မာသမာဓိ။ ။**

ကြံစည်ခြင်း ‘ဝိတက်’, ဆင်ခြင်သုံးသပ်ခြင်း ‘ဝိစာရ’ တို့၏ ငြိမ်းအေးခြင်းကြောင့် မိမိအတွင်း အဇ္ဈတ္တသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော (သမ္ပသာဒန), တည်ကြည်ခြင်း ‘သမာဓိ’ ကို ပွါးစေတတ်သော (ဧကောဒိဘာဝ), ကြံစည်ခြင်း ‘ဝိတက်’ မရှိသော (အဝိတက္က), ဆင်ခြင် သုံးသပ်ခြင်း ‘ဝိစာရ’ မရှိသော (အဝိစာရ), တည်ကြည်ခြင်း ‘သမာဓိ’ ကြောင့်ဖြစ်သော (သမာဓိဇ), နှစ်သက်ခြင်း ‘ပီတိ’ နှင့် ချမ်းသာခြင်း ‘သုခ’ ရှိသော ဒုတိယစျာန်သို့[၂] ရောက်၍ နေ၏ (ဒုတိယစျာန်ကို မျက်မှောက်ပြု၍ နေ၏)။

၁။ ပထမစျာန်ကို သဝိတက္ကစျာန်, သဝိစာရစျာန်, ဝိဝေကဇစျာန်, ပီတိသုခစျာန်ဟု ခေါ်သည်။
၂။ ဒုတိယစျာန်ကို အဝိတက္က အဝိစာရစျာန်, သမာဓိဇစျာန်, ပီတိသုခစျာန်ဟု ခေါ်သည်။ (စတုက္ကနည်းအားဖြင့် ပြထားခြင်း ဖြစ်သည်။)

**တတိယစျာန် သမ္မာသမာဓိ။ ။**

နှစ်သက်ခြင်း ‘ပီတိ’ ကိုလည်း တပ်မက်မှုကင်းခြင်းကြောင့် (စက်ဆုပ်ခြင်းကြောင့်) လျစ်လျူရှုလျက်လည်း နေ၏ (ဥပေက္ခကော)၊ မမေ့မလျော့ အောက်မေ့ခြင်း ‘သတိ’ ရှိလျက်လည်း နေ၏ (သတော)၊ ကောင်းစွာ အပြားအားဖြင့် ပိုင်းခြားသိတတ်သော ပညာနှင့် ပြည့်စုံသည် ဖြစ်လျက်လည်း နေ၏ (သမ္ပဇာနော)၊ ချမ်းသာခြင်း ‘သုခ’ ကိုလည်း ကိုယ်စိတ်နှစ်ပါး အပေါင်းဖြင့် ခံစားလျက် နေ၏ (ကာယေန ပဋိသံဝေဒေတိ)၊ ယင်းတတိယစျာန် ရရှိသူကို လျစ်လျူရှုနိုင်သူ (ဥပေက္ခကော)၊ ဗအောက်မေ့ ခြင်း ‘သတိ’ ရှိသူ (သတိမာ)၊ ချမ်းသာစွာ နေလေ့ရှိသူ (သုခဝိဟာရီ)ဟု အရိယာပုဂ္ဂိုလ် သူတော် သူမြတ်တို့သည် မိန့်ကြား ချီးမွမ်းတော်မူကုန်၏။ ထိုတတိယစျာန်သို့[၁] ရောက်၍ နေ၏ (မျက်မှောက်ပြု၍ နေ၏)။

**စတုတ္ထစျာန်[၂] သမ္မာသမာဓိ။ ။**

ချမ်းသာခြင်း ‘သုခ’ ကို ပယ်ခြင်းကြောင့် လည်းကောင်း, ဆင်းရဲခြင်း ‘ဒုက္ခ’ ကို ပယ်ခြင်းကြောင့် လည်းကောင်း, ရှေးဦးမဆွကပင် ဝမ်းမြောက်ခြင်း ‘သောမနဿ’ နှင့် စိတ်နှလုံး မသာယာခြင်း ‘ဒေါမနဿ’ တို့၏ ချုပ်နှင့်ခြင်းကြောင့် လည်းကောင်း ဆင်းရဲခြင်း ‘ဒုက္ခ’ လည်း မဟုတ် ချမ်းသာခြင်း ‘သုခ’ လည်း မဟုတ်သော (အဒုက္ခ မသုခဖြစ်သော), လျစ်လျူရှုခြင်း (ထိုထိုအာရုံ၌ အလယ်အလတ် အညီအမျှ ဖြစ်ခြင်း) ‘ဥပေက္ခာ’ ကြောင့်ဖြစ်သော သတိ၏ အလုံးစုံ စင်ကြယ်ခြင်းရှိသော (အလွန် စင်ကြယ်သော သတိရှိသော) စတုတ္ထစျာန်သို့[၃] ရောက်၍ နေ၏ (မျက်မှောက်ပြု၍ နေ၏)။

ဤဆိုခဲ့ပြီးသော စျာန်လေးပါးကို မဖောက်မပြန် မှန်ကန်စွာ စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း တည်ကြည်မှု ‘သမ္မာသမာဓိ’ ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော သဘောကို အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှု ချုပ်ရာသို့ ရောက် ကြောင်း အကျင့်ဖြစ်သည့် အမှန်သဘော ‘ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ’ ဟု ဆိုအပ်၏။

**(ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ ပြီး၏။)**

**သစ္စာ ၄-ပါးတို့ကို သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော ‘သုတ္တန္တဘာဇနီယ’ နည်း ပြီး၏။**

၁။ တတိယစျာန်ကို ဥပေက္ခကစျာန်, သတိမာစျာန်, သုခဝိဟာရီစျာန်ဟု ခေါ်သည်။
၂။ စျာန်လေးပါးဟု စတုက္ကနည်းဖြင့် ဟောထားခြင်း ဖြစ်သည်။
၃။ စတုတ္ထစျာန်ကို အဒုက္ခမသုခစျာန်, ဥပေက္ခာသတိပါရိသုဒ္ဓိစျာန် ဟု ခေါ်သည်။

# သစ္စဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယ

## (သစ္စာလေးပါးတို့ကို အဘိဓမ္မာနည်းဖြင့်ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယ'[၁] နည်း)

(၁။ အဘိဓမ္မဘာဇနီယနည်း၌ မဟာဝါရ ၃-ပါးရှိသည်။ ယင်း ၃-ပါးတို့ကား-

(၁) အင်္ဂဝီကဝါရ = မဂ္ဂင် ၈-ပါးဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။

(၂) ပဉ္စင်္ဂိကဝါရ = သီလမဂ္ဂင် ၃-ပါးမှတစ်ပါး ကျန် မဂ္ဂင် ၅-ပါးဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသော နည်း။

(၃) သဗ္ဗသင်္ဂါဟိကဝါရ = ဖဿစသော တရားအပေါင်းဖြင့် ဝေဖန်၍ မဂ္ဂသစ္စာ ဖွဲ့ပြသောနည်း။)

## အင်္ဂဝီကဝါရ

## (အင်္ဂဝီကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)[၂]

(၂။ အင်္ဂဝီကဝါရ ၅-မျိုးမှာ (၁) တဏှာ တစ်ခုတည်းကိုသာ သမုဒယသစ္စာဟု ဟောသောနည်း။ (၂) ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း။ (၃) အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း။ (၄) အကုသိုလ်တရား အားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း။ (၅) လောကီ ကုသိုလ်နှင့်အကုသိုလ် အားလုံးတို့ကို သမုဒယသစ္စာ ဟု ဟောသောနည်း။ ဤနည်း ၅-မျိုးကို ကောဋ္ဌာသ ၅-ပါးဟုလည်း ခေါ်သည်။)

# သစ္စဝိဘင်္ဂ

## ၁ - အဋ္ဌကထာ ပဌမနည်း

## (တဏှာကို သမုဒယသစ္စာဟု ဟောသောနည်း)

**သစ္စာလေးပါး**

၂၀၆။ သစ္စာလေးပါးတို့ကား-

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'[၁]။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) တို့တည်း။

**သမုဒယသစ္စာ။ ။**

ထိုသစ္စာလေးပါတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ' သည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ' ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'[၂] ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တပ်မက်မှု 'တဏှာ' မှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' (၉-ပါး) တို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးကို ပေးတတ်သော 'အကုသိုလ်' တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွါး နေတတ်၍ မူးယစ်မိုက်မဲစေတတ်သည့် 'အာသဝ' (တဏှာ, ဒိဋ္ဌိ, မောဟတို့) ၏ အာရုံဖြစ်သော အပြစ် မရှိမူ၍ ကောင်းကျိုးကို ပေးတတ်သော အကြောင်းရင်း 'ကုသလမူလ' သုံးခုတို့သည် လည်းကောင်း၊ (ကုသလမူလသုံးခုတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီ ကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုးတရား 'ဝိပါက်' တို့သည် လည်းကောင်း၊ ကုသိုလ်လည်း မဟုတ်ကုန်သော, အကုသိုလ်လည်း မဟုတ်ကုန်သော, ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်' လည်း မဟုတ်ကုန်သော အကြင် ပြုကာမျှသဘော 'ကိရိယာတရား' တို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**ဒုက္ခနိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

အကြွင်းတပ်မက်မှု 'တဏှာ' ကို ပယ်စွန့်ခြင်းသည် ရှိ၏၊ ဤတပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက', နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏။

ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲပြိုငြင်သော အကျင့်ရှိသော နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့[၃] ရောက်၍ (မျက်မှောက်ပြု၍) နေ၏။

ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။

**သမ္မာဒိဋ္ဌိ[၄]။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မည်သနည်း အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှု 'ပညာ'၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှုသဘော 'ပဇာနနာ'။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'[၅]၊ ကောင်းစွာ (အမှန်) သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ သစ္စာလေးပါး တရားတို့ကို ပိုင်းခြား စိစစ်ခြင်းသဘော 'ဓမ္မဝိစယ' ဖြစ်၍ သစ္စာလေးပါးတရားတို့ကို သိတတ်သော ဗောဓိဉာဏ်၏ အစိတ်အပိုင်းအင်္ဂါ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း 'မဂ်' ၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။

**သမ္မာသင်္ကပ္ပ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း ‘သမ္မသင်္ကပ္ပ’ မည်သနည်း။

အကြင် ကြံစည်ခြင်းသဘော ‘တက္က’၊ အထူးကြံစည်ခြင်းသဘော ‘ဝိတက္က’ ။ပ။ ကောင်းစွာ ကြံစည်ခြင်းသဘော ‘သမ္မာသင်္ကပ္ပ’၊ ထွက်မြောက်ကြောင်းလမ်း ‘မဂ်’ ၏ အစိတ်အပိုင်းအင်္ဂါ ‘မဂ္ဂင်’၊ ထွက်မြောက်ကြောင်း ‘မဂ်’ ၌ အကျုံးဝင်ခြင်းသဘော ‘မဂ္ဂပရိယာပန္န’ သည် ရှိ၏။

ဤဆိုခဲ့ပြီးသောသဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း ‘သမ္မာသင်္ကပ္ပ’ ဟု ဆိုအပ်၏။

**သမ္မာဝါစာ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း ‘သမ္မာဝါစာ’ မည်သနည်း။

မကောင်းသော နှုတ်အကျင့် ‘ဝစီဒုစရိုက်’ လေးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်း ‘အာရတိ’[၆]၊ အထူးရှောင်ကြဉ်ခြင်း ‘ဝိရတိ’[၇]၊ နောက်သို့ဆုတ်၍ ရှောင်ကြဉ်ခြင်း ‘ပဋိဝိရတိ’၊ (မကောင်းမှုဝစီဒုစရိုက်ကျူးလွန်မိလျှင် ပေါ်ပေါက်တတ်သည့် မကောင်းကျိုးတည်းဟူသော) ဘေးရန်ကို ဖျက်ဆီးတတ်သောသဘော (ရှောင်ကြဉ်ခြင်းသဘော) ‘ဝေရမဏီ’၊ (မကောင်းမှုဝစီဒုစရိုက်ကို) မပြုခြင်းသဘော ‘အကိရိယ’၊ (မကောင်းမှုဝစီဒုစရိုက်ကို) မပြုလုပ်ခြင်း ‘အကရဏ’၊ မလွန်ကျူးခြင်း ‘အနဇ္ဈာပတ္တိ’၊ (ဝစီဒုစရိုကဟူသော) ကမ်းအပိုင်းအခြားကို မလွန်ခြင်းသဘော ‘ဝေလာအနတိက္ကမ’၊ (ဝစီဒုစရိုက်ဖြစ်ပေါ်ရန်) အကြောင်းကို သတ်ခြင်းသဘော ‘သေတုဃာတ’၊ ကောင်းစွာ ပြောဆိုမှု ‘သမ္မာဝါစာ’၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း ‘မဂ်’၏ အစိတ်အပိုင်းအင်္ဂါ ‘မဂ္ဂင်’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း ‘မဂ်’ ၌ အကျုံးဝင်ခြင်းသဘော ‘မဂ္ဂပရိယာပန္န’ သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြောဆိုခြင်း ‘သမ္မာဝါစာ’ဟု ဆိုအပ်၏။

**သမ္မာကမ္မန္တ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်ခြင်း ‘သမ္မာကမ္မန္တ’ မည်သနည်း။

မကောင်းသော ကိုယ်အကျင့် ‘ကာယဒုစရိုက်’ သုံးပါးတို့မှ အကြင်ဝေးစွာ ရှောင်ကြဉ်ခြင်းသဘော ‘အာရတိ’၊ အထူးရှောင်ကြဉ်ခြင်းသဘော ‘ဝိရတိ’၊ နောက်သို့ဆုတ်၍ ရှောင်ကြဉ်ခြင်းသဘော ‘ပဋိဝိရတိ’၊ (မကောင်းမှု ကာယဒုစရိုက်ကို ကျူးလွန်မိလျှင် ပေါ်ပေါက်တတ်သည့် မကောင်းကျိုးတည်းဟူသော) ဘေးရန်ကို ဖျက်ဆီးတတ်သော သဘော (ရှောင်ကြဉ်ခြင်းသဘော) ‘ဝေရမဏီ’၊ (မကောင်းမှုကာယဒုစရိုက်ကို) မပြုခြင်းသဘော ‘အကိရိယ’၊ (မကောင်းမှုကာယဒုစရိုက်ကို) မပြုလုပ်ခြင်း ‘အကရဏ’၊ (မကောင်းမှု ကာယဒုစရိုက်ကို) မလွန်ကျူးခြင်း ‘အနဇ္ဈာပတ္တိ’၊ (ကာယဒုစရိုက်ဟူသော) ကမ်း အပိုင်းအခြားကို မလွန်ခြင်းသဘော ‘ဝေလာအနတိက္ကမ’၊ (ကာယဒုစရိုက် ဖြစ်ပေါ်ရန် ရာဂစသော) အကြောင်းကို သတ်ခြင်းသဘော ‘သေတုဃာတ’၊ ကောင်းစွာ ပြုလုပ်မှု ‘သမ္မာကမ္မန္တ’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း ‘မဂ်’ ၏ အစိတ်အပိုင်းအင်္ဂါ ‘မဂ္ဂင်’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း ‘မဂ်’ ၌ အကျုံးဝင်ခြင်းသဘော ‘မဂ္ဂပရိယာပန္န’ သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ပြုလုပ်မှု ‘သမ္မာကမ္မန္တ’ ဟု ဆိုအပ်၏။

**သမ္မာအာဇီဝ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ အသက်မွေးမှု ‘သမ္မာအာဇီဝ’ မည်သနည်း။

မှားသော အသက်မွေးမှု ‘မိစ္ဆာအာဇီဝ’[၈]မှ အကြွင်းမဲ့စွာ ရှောင်ကြဉ်ခြင်းသဘော ‘အာရတိ’၊ အထူး ရှောင်ကြဉ်ခြင်းသဘော ‘ဝိရတိ’၊ နောက်သို့ ဆုတ်၍ ရှောင်ကြဉ်ခြင်းသဘော ‘ပဋိဝိရတိ’၊ (မကောင်းမှု မိစ္ဆာဇီဝကို ကျူးလွန်မိလျှင် ပေါ်ပေါက်လာတတ်သည့် မကောင်းကျိုးတည်းဟူသော) ဘေးရန်ကို ဖျက်ဆီး တတ်သော သဘော (ရှောင်ကြဉ်ခြင်းသဘော) ‘ဝေရမဏီ’၊ (မှားသောအသက်မွေးမှုကို) မပြုခြင်းသဘော ‘အကိရိယ’၊ (မှားသော အသက်မွေးမှုကို) မပြုလုပ်ခြင်း ‘အကရဏ’၊ (ကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို) မလွန်ကျူးခြင်း ‘အနဇ္ဈာပတ္တိ’၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်ဟူသော) ကမ်းအပိုင်းအခြားကို မလွန်ခြင်း ‘ဝေလာအနတိက္ကမ’၊ (ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ဖြင့် မှားသော အသက်မွေးမှု ‘မိစ္ဆာအာဇီဝ’ ဖြစ်ပေါ် ရန် ရာဂစသော) အကြောင်းကို သတ်ခြင်း ‘သေတုဃာတ’၊ ကောင်းစွာ အသက်မွေးခြင်း ‘သမ္မာအာဇီဝ’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း ‘မဂ်’ ၏ အစိတ်အပိုင်း အင်္ဂါ‘မဂ္ဂင်’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက် ကြောင်း ‘မဂ်’ ၌ အကျုံးဝင်ခြင်းသဘော ‘မဂ္ဂပရိယာပန္န’ သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အသက်မွေးမှု ‘သမ္မာအာဇီဝ’ ဟု ဆိုအပ်၏။

**သမ္မာဝါယာမ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု ‘သမ္မာဝါယာမ’ မည် သနည်း။

စိတ်၌ဖြစ်သော အကြင် ကြိုးစားအားထုတ်ခြင်း ‘ဝီရိယာရမ္ဘ’ (ဝီရိယစေတသိက်)။ပ။ ကောင်းစွာ အားထုတ်ခြင်း ‘သမ္မာဝါယာမ’၊ သစ္စာလေးပါးကို ကောင်းစွာ သိမှု ‘မဂ်ဉာဏ်’ (ဗောဓိဉာဏ်) ၏ အကြောင်း အင်္ဂါတစ်ပါးဖြစ်သော အားထုတ်မှု ‘ဝီရိယသမ္ဗောဇ္ဈင်’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း ‘မဂ်’၏ အစိတ်အပိုင်း အင်္ဂါ ‘မဂ္ဂင်’၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း ‘မဂ်’၌ အကျုံးဝင်ခြင်းသဘော ‘မဂ္ဂပရိယာပန္န’သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု ‘သမ္မာဝါယာမ’ ဟု ဆိုအပ်၏။

**သမ္မာသတိ။ ။**

ထိုမဂ္ဂင် ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူး စိုက်စိုက် အောက်မေ့မှု ‘သမ္မာသတိ’ မည်သနည်း။

အကြင် အောက်မေ့မှု ‘သတိ’၊ အစဉ်အောက်မေ့မှု ‘အနုဿတိ’ ။ပ။ ကောင်းစွာအောက်မေ့မှု ‘သမ္မာသတိ’၊ သစ္စာလေးပါး၌ ကောင်းစွာသိမှု ‘မဂ်ဉာဏ်’ ၏ (ဗောဓိဉာဏ်၏) အစိတ်အပိုင်းအင်္ဂါ ဖြစ်သော အောက်မေ့မှု ‘သတိသမ္ဗောဇ္ဈင်’၊ ထွက်မြောက်ကြောင်း ‘မဂ်’၏ အစိတ်အပိုင်းအင်္ဂါ ‘မဂ္ဂင်’၊ ထွက်မြောက်ကြောင်း ‘မဂ်’ ၌ အကျုံးဝင်ခြင်းသဘော ‘မဂ္ဂပရိယာပန္န’ သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု ‘သမ္မာသတိ’ ဟု ဆိုအပ်၏။

**သမ္မာသမာဓိ။ ။**

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (ကောင်းစွာ စိတ်ကို အာရုံ၌ ထားမှု) 'သမ္မာသမာဓိ' မည်သနည်း။

စိတ်၏ အကြင် တည်တံ့ခြင်း 'ဌိတိ'၊ ကောင်းစွာ တည်ခြင်း 'သဏ္ဌိတိ'။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ သစ္စာလေးပါး၌ ကောင်းစွာသိမှု 'မဂ်ဉာဏ်' (ဗောဓိဉာဏ်၏) အစိတ်အပိုင်းအင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'၊ ထွက်မြောက်ကြောင်း 'မဂ်' ၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း 'မဂ် ၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။ ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု 'ကောင်းစွာ စိတ်ကို အာရုံ၌ ထားမှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းကျန်သော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိတ် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

**(တဏှာကို သမုဒယသစ္စာဟု ဟောသော အဋ္ဌင်္ဂိကဝါရ ပထမနည်း ပြီး၏)။**

၁။ အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားရာ၌ 'ဒုက္ခသစ္စာ' စသည်ဟုသာ ဟောသည်။ သုတ္တန်နည်း၌မူကား 'ဒုက္ခအရိယသစ္စာ' စသည်ဟုသာ ဟောတော်မူသည်။ အဘိဓမ္မာနည်း၌ သုတ္တန်နည်း၌ကဲ့သို့ 'အရိယသစ္စာ' ဟု ဟောတော်မူလျှင် တဏှာမှ ကြွင်းသော အခြား ဒုက္ခဖြစ်ကြောင်း တရားများ ကျန်ရှိနေသေးသည်၊ ဒုက္ခဖြစ်ကြောင်း တရားများ အားလုံးပါဝင်စေရန် 'သစ္စာ' ဟုသာ အဘိဓမ္မာဘာဇနီယနည်း၌ ဟောတော်မူသည်။ (သမ္မော၊ ဌ၊ နှာ-၁၁၄-၅)။

၂။ သတိပြုရန်- အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောရာတွင် အကျယ်ဝေဖန်၍ ဟောသော နိဒ္ဒေသဝါရ၌ 'သမုဒယ' သစ္စာကို ရှေးဦးစွာ ဟောသည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသစ္စာကို ပြသည့်အခါ သမုဒယသစ္စာမှ တစ်ပါး ကြွင်းသော လောကီတရားများ ဖြစ်သည်ဟု အကျဉ်းချုံး၍ အလွယ်တကူ ပြလိုသောကြောင့် ဖြစ်သည်။ (သမ္မော၊ ဌ၊ နှာ-၁၁၅)

၃။ ဤနေရာ၌ အကျဉ်းချုံး၍ ပြထားသည်၊ ဓမ္မသင်္ဂဏီပါဠိတော်၌ လောကုတ္တရာစျာန်တို့ကို သုဒ္ဓိကပဋိပဒါနည်းမှစ၍ အကျယ်ဟောသကဲ့သို့ ဟောရန် ဖြစ်သည်၊ ဓမ္မသင်္ဂဏီစာပိုဒ် ၂၇၇-မှ ၃၆၄-အထိ အကျယ် ပြထားသည်။

၄။ မဂ္ဂင်ရှစ်ပါးတို့၏ အဓိပ္ပါယ်ကို ဓမ္မသင်္ဂဏီစာပိုဒ် ၂၉၇-၃၀၄-ကြည့်။ အဘိဓမ္မာဘာဇနီယ၌ နည်းပေါင်း ခြောက်သောင်း (၆၀၀၀၀) ရှိသည်၊ အဘိဓမ္မာဘာဇနီယ၌ (၁) အဋ္ဌင်္ဂိကဝါရ။ (၂) ပဉ္စင်္ဂိကဝါရ။ (၃) သဗ္ဗသင်္ဂါဟိကဝါရဟူ၍ မဟာဝါရ ၃-ဝါရရှိရာ မဟာဝါရတစ်ခု တစ်ခု၌ တဏှာယ ပဟာနံ (= တဏှာ တစ်ခုတည်းကိုသာ သမုဒယသစ္စာဟု ဟောသောနည်း) စသည်ဖြင့် ကောဋ္ဌာသ ၅-ပါးစီ, နည်းပေါင်း နှစ်သောင်း (၂၀၀၀၀) စီ ရှိသည်။ ထိုတွင် အဋ္ဌင်္ဂိကဝါရ ပထမကောဋ္ဌာသ၌ နည်းပေါင်း လေးထောင် (၄၀၀၀) ရှိသည်၊ ရှိပုံမှာ- သောတာပတ္တိမဂ်စျာနာဘိနိဝေသ၌ သုဒ္ဓိကပဋိပဒါစသော ၅-ဝါရကို စတုက္ကနည်း, ပဉ္စကနည်း -၂ ပါးနှင့် မြှောက်သော် နည်း ၁၀-ပါး ဖြစ်၏။ ယင်းနည်း ၁၀-ပါးကို စျာနာဘိနိဝေသစသော အဘိနိဝေသ ၂၀-နှင့် မြှောက်သော် နည်း-၂၀၀ ဖြစ်သည်၊ ယင်းနည်းကို သုဒ္ဓိကနည်းဟု ခေါ်သည်။ တစ်ဖန် ယင်းသုဒ္ဓိကနည်း-၂၀၀ ကို အဓိပတိ ၄-ပါးနှင့် မြှောက်ပြန်သော် နည်းပေါင်း-၈၀၀ ဖြစ်သည်၊ ယင်းနည်းကို သာဓိပတိနည်းဟု ခေါ်သည်။ သုဒ္ဓိကနည်း-၂၀၀ နှင့် သာဓိပတိနည်း-၈၀၀ ကို ပေါင်းသော် သောတာပတ္တိမဂ်၌ နည်းပေါင်းတစ်ထောင် (၁၀၀၀) ဖြစ်သည်။ ထို့အတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်အသီးသီးတို့၌ နည်းပေါင်း တစ်ထောင် (၁၀၀၀) စီ ဖြစ်၍ ပထမ ကောဋ္ဌာသဟု ခေါ်သော အဋ္ဌင်္ဂိကဝါရပထမနည်း၌ နည်းပေါင်း (၄၀၀၀) ဖြစ်သည်။ ထိုနည်းအလား အဋ္ဌင်္ဂိကဝါရဒုတိယနည်း စသည့် ကျန်ကောဋ္ဌာသ ၄-ပါး၌လည်း နည်းပေါင်း လေးထောင် (၄၀၀၀) စီ ရှိသည်၊ သို့ဖြစ်၍ အဋ္ဌင်္ဂိကဝါရ၌ ကောဋ္ဌာသ ၅-ပါးအတွက် နည်းပေါင်း ၂၀၀၀၀-ဖြစ်သည်။ 'ထိုနည်းနှင်နှင် ပဉ္စင်္ဂိကဝါရ၌ နည်းပေါင်း နှစ်သောင်း (၂၀၀၀၀) 'သဗ္ဗသင်္ဂါဟိကဝါရ၌ နည်းပေါင်း နှစ်သောင်း (၂၀၀၀၀) ရှိသည်။ သို့ဖြစ်သဖြင့် အဘိဓမ္မာဘာဇနီယ၌

မဟာဝါရ ၃-ပါး၊ ကောဋ္ဌာသ ၁၅-ပါး၊ ဟောနည်းပေါင်း ခြောက်သောင်း (၆၀၀၀၀) ရှိသည်။ သုဒ္ဓိကပဋိပဒါစသော ၅-ဝါရနှင့် စျာနာဘိနိဝေသ စသော အဘိနိဝေသ ၂၀-ကို ဓမ္မသင်္ဂဏီစာပိုဒ် ၂၇၇-မှ ၃၆၄-၌ ရှုပါ။ (သမ္မောဟဝိနောဒနီ၊ ဌ၊ နှာ-၁၁၅-၁၁၆) ကောဋ္ဌာသ ၅-ပါး ရေတွက်ပုံကို ရှေ့အဋ္ဌဂိကဝါရ မှတ်ချက်၌ ပြန်ရှုပါ။

၅။ ဝိစယ= (ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၌ အနိစ္စလက္ခဏာ စသည်ဖြင့်) စိစစ်ခြင်း။

၆။ အာရတိ= စိတ်ဖြင့် ရှောင်ကြဉ်ခြင်း။

၇။ ဝိရတိ= ကိုယ်နှုတ်ဖြင့် ရှောင်ကြဉ်ခြင်း (ခုဒ္ဒကပါဌ၊ ဌ၊ နှာ-၁၁၉) အထူးမှာထားချက်မှာ ‘အာရတိ’၊ ‘ဝိရတိ’၊ ‘ပဋိဝိရတိ’ ပုဒ်တို့သည် ရှောင်ကြဉ်ခြင်း အနက်၏ စကားပရိယာယ် များသာ ဖြစ်သည် (အဋ္ဌသာလိနီ၊ နှာ-၂၆၃)

၈။ မိစ္ဆာဇီဝ= ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့ဖြင့် အသက်မွေးမှု။

# သစ္စဝိဘင်္ဂ

## ၂ - အဋ္ဌကထာဝါရ ဒုတိယနည်း

## (ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ။ ။**

၂၀၇။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယ သစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' သည် လည်းကောင်း၊ (တဏှာမှတစ်ပါး) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' ၉-ပါးတို့သည် လည်းကောင်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော ကိလေသာ ၁၀-ပါးကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(ကိလေသသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ် တရားတို့သည် လည်းကောင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးခု (အလောဘ, အဒေါသ, အမောဟ) တို့သည် လည်းကောင်း၊ (ကုသလမူလသုံးခုမှ) ကြွင်းသော အာသဝ ၏ အာရုံဖြစ်သော (လောကီ) ကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း၊ ကုသိုလ်, အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားလည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကိရိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုအမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'မည်သနည်း။

တပ်မက်မှု 'တဏှာ' ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ကိလေသာတို့ကို လည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤကိလေသာ ၁၀-ပါးကို ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆို အပ်၏။

မဂ္ဂသစ္စာ။ ။

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက'၊ နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။ပ။[**၁]

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့်အမှန်သဘော 'ဒုက္ခနိရောဓ ဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရား တို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

**(ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသော အဌင်္ဂိကဝါရ**

**ဒုတိယနည်း ပြီး၏။)**

၁။ ✱✱ မဂ္ဂင်ရှစ်ပါး အကျယ်အဖွင့်ကို ပေယျာလချန်ခဲ့သည်၊ အဌင်္ဂိကဝါရ ပထမနည်း အတိုင်း ချဲ့ရမည် ဖြစ်သည်၊ ကြွင်းသော အဌင်္ဂိကဝါရ တတိယ, စတုတ္ထ, ပဥ္စမနည်းများမှာလည်း ပထမနည်းအတိုင်း ချဲ့ယူရမည် ဖြစ်သည်။

# သစ္စဝိဘင်္ဂ

## ၃ - အင်္ဂုတ္တိကဝါရ တတိယနည်း

## (အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ။ ။**

၂၀၈။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' သည် လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' ၉-ပါးတို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော အကုသိုလ်တရားအားလုံးကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးခု (အလောဘ, အဒေါသ, အမောဟ) တို့သည် လည်းကောင်း၊ (ကုသလမူလသုံးခုမှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်' လည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကိရိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' ကို လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ '၉-ပါးတို့ကို လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ် တရားတို့ကို လည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤအကုသိုလ်တရားအားလုံး ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်း တူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ စျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။ပ။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

**(အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟုဟောသော အဋ္ဌကထာဝါရ တတိယနည်း ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၄ - အဌဂီကဝါရ စတုတ္ထနည်း

## (အကုသိုလ်တရား အားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို

## သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ**

၂၀၉။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' သည် လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' (အလောဘ, အဒေါသ, အမောဟ) သုံးပါးတို့သည် လည်းကောင်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော အကုသိုလ် တရားအားလုံးနှင့် လောကီကုသလမူလ ၃-ပါး တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီ ကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တို့သည် လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'တရား' လည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကိရိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရား အပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' ကိုလည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့ကို လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့ကို လည်းကောင်း၊ 'အာသဝ' ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်းဖြစ်သော 'ကုသလမူလ' သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့ကို လည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤအကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ တရား၃-ပါးတို့ကို ပယ်စွန့်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်းတူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိငြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။ပ။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနိပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

**(အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု**

**ဟောသော အဋ္ဌင်္ဂိကဝါရစတုတ္ထနည်း ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၅ - အဋ္ဌဂီကဝါရ ပဥ္စမနည်း

## (လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ**

၂၁၀။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' သည် လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ် တရားတို့သည် လည်းကောင်း၊ အာသဝ၏ (လောဘ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါးတို့သည် လည်းကောင်း၊ 'ကုသလမူလ' သုံးပါးမှ ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည် လည်းကောင်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော လောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ်အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည် လည်းကောင်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ်အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်' လည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကိရိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤလောကီဝိပါက်, ကြိယာ, ရုပ်အလုံးကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' ကို လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့ကို လည်းကောင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကို လည်းကောင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါးတို့ကို လည်းကောင်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံ ဖြစ်သော လောကီကုသိုလ်တရားတို့ကို လည်းကောင်း ပယ်စွန့်ခြင်းသည် ရှိ၏။

ဤလောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခ နိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ်အဖြစ်ချင်းတူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက'နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ။ပ။ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်ခြင်း (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါရှစ်ပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။ပ။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) ဟု ဆိုအပ်၏။

(မဂ္ဂင်ရှစ်ပါးမှတစ်ပါး) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

**(လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော အင်္ဂါကဝါရ ပဥ္စမနည်း ပြီး၏။)**

**အင်္ဂါကဝါရ ၅-နည်း ပြီး၏။**

# သစ္စဝိဘင်္ဂ

## ၅ - ပဋ္ဌိကဝါရ

## (ပဋ္ဌိကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

## ၁ - ပဋ္ဌိကဝါရ ပထမနည်း

## (တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

**သစ္စာလေးပါး**

၂၁၁။ သစ္စာလေးပါးတို့ကား-

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) တို့တည်း။

**သမုဒယသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ' သည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ' ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်းဖြစ်သော 'ကုသလမူလ' သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည် လည်းကောင်း၊ 'ကုသလမူလ' သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံ ဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ အာရုံ ဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း၊ ကုသိုလ် အကုသိုလ် လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုး 'ဝိပါက်' လည်း မဟုတ်ကုန်သော အကြင် ပြုကာမျှ သဘော 'ကြိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

အကြွင်းတပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းသည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်းတူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'၊ မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါငါးပါး ရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။

**သမ္မာဒိဋ္ဌိ။ ။**

ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မည်သနည်း။

အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှု 'ပညာ'၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် ပိုင်းခြားသိမှုသဘော 'ပဇာနနာ' ။ပ။ (အမှန်သဘော၌) မတွေဝေမှု (အမှန်ကိုသိမှု) 'အမောဟ'၊ (သစ္စာလေးပါး) တရားတို့ကို ပိုင်းခြား စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းစွာ အမှန်သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ သစ္စာလေးပါး တရားတို့ကို ပိုင်းခြား စိစစ်ခြင်းသဘော 'ဓမ္မဝိစယ' ဖြစ်၍ (သစ္စာလေးပါး) တရားတို့ကို သိတတ်သော 'ဗောဓိဉာဏ်' ၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော 'ဓမ္မဝိစယသမ္ဗောဇ္ဈင်'၊ (ကိလေသာတို့ကို ပယ်သတ်၍) နိဗ္ဗာန်သို့ ထွက်မြောက်ကြောင်းလမ်း 'မဂ်' ၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၌ အကျုံးဝင်ခြင်း သဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၂၉၇)

**သမ္မာသင်္ကပ္ပ။ ။**

ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' မည်သနည်း။

အကြင် ကြံစည်ခြင်းသဘော 'တက္က'၊ အထူးကြံစည်ခြင်းသဘော 'ဝိတက္က'။ပ။ ကောင်းစွာ ကြံစည်ခြင်းသဘော 'သမ္မာသင်္ကပ္ပ'၊ ထွက်မြောက်ကြောင်းလမ်း 'မဂ်' ၏ အစိတ်အပိုင်းအင်္ဂါ'မဂ္ဂင်'၊ ထွက်မြောက်ကြောင်း 'မဂ်' ၌ အကျုံးဝင်ခြင်း သဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၂၉၈)

**သမ္မာဝါယာမ။ ။**

ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ' မည်သနည်း။

စိတ်၌ဖြစ်သော အကြင် ကြိုးစား အားထုတ်ခြင်း လုံ့လ 'ဝီရိယာရမ္ဘ' (ဝီရိယစေတသိက်)။ပ။ ကောင်းစွာ အားထုတ်ခြင်း 'သမ္မာဝါယာမ'၊ သစ္စာလေးပါးကို ကောင်းစွာ သိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်) ၏ အကြောင်း အင်္ဂါတစ်ပါးဖြစ်သော ကြိုးစားအားထုတ်မှု လုံ့လ 'ဝီရိယသမ္ဗောဇ္ဈင်'၊ (ဝင်္ခဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၌ အကျုံးဝင်ခြင်းသဘော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်မှု လုံ့လ 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။ (ဏီ၊ ပဒ-၃၀၂)

**သမ္မာသတိ။ ။**

ထိုမဂ္ဂင် ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ မမေ့မလျော့ စူးစူးစိုက်စိုက် အောက်မေ့မှု 'သမ္မာသတိ' မည်သနည်း။

အကြင် အောက်မေ့မှု 'သတိ'၊ အစဉ်အမြဲ အဖန်ဖန် အောက်မေ့မှု 'အနုဿတိ' ။ပ။ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ သစ္စာလေးပါးကို ကောင်းစွာ သိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်) ၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၏ အစိတ်အပိုင်းအင်္ဂါ 'မဂ္ဂင်'၊ (ဝဋ္ဋဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၌ အကျုံးဝင်သော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏။ (ဏီ၊ ပဒ -၃၀၃)

**သမ္မာသမာဓိ။ ။**

ထိုမဂ္ဂင်ငါးပါးတို့တွင် အဘယ်သည် မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားမှု) 'သမ္မာသမာဓိ' မည်သနည်း။

စိတ်၏ အကြင် တည်တံ့ခြင်း 'ဠိတိ' ။ပ။ ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ သစ္စာလေးပါးကို ကောင်းစွာသိမှု 'ဗောဓိဉာဏ်' (မဂ်ဉာဏ်) ၏ အစိတ်အပိုင်း အင်္ဂါဖြစ်သော တည်ကြည်မှု 'သမာဓိ သမ္ဗောဇ္ဈင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၏ အစိတ်အပိုင်း အင်္ဂါ 'မဂ္ဂင်'၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်း 'မဂ်' ၌ အကျုံးဝင်သော 'မဂ္ဂပရိယာပန္န' သည် ရှိ၏။

ဤဆိုခဲ့ပြီးသော သဘောကို မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားမှု) 'သမ္မာသမာဓိ' ဟု ဆိုအပ်၏။ (ဏိ၊ ပဒ-၃၀၄)

ဤဆိုခဲ့ပြီးသော မဂ္ဂင်ငါးပါးကို ဆင်းရဲမှုချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) ဟု ဆိုအပ်၏။

(မဂ္ဂင်ငါးပါတို့မှ) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး)[၂] တရားတို့သည် ဆင်းရဲချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။ပ။[**၃]

**(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော ပဉ္စင်္ဂိကဝါရ[၄] ပထမနည်း ပြီး၏။)**

၁။ စာပိုဒ်ရေ-၂၀၆အစနှင့်၂၁၁-အဆုံး ကြည့်ပါ။
၂။ မဂ်စိတ်နှင့် ယှဉ်ဘက်စေတသိက် ၃၆-ပါးဖြစ်၍ မဂ္ဂင်၅-ပါးကြဉ်လျှင် စေတသိက် ၃၁-ပါးသာ ဖြစ်သည်။ စင်စစ်မှာ ပုဂ္ဂလဇ္ဈာသယအားဖြင့် သီလမဂ္ဂင် ၃-ပါးတို့မှာ မဂ် အခိုက်အတန့်မှာ ဖြစ်ဖွယ်မလိုဟု ယူဆထားရာ ဤနေရာ၌ ယှဉ်ဘက်စေတသိက် ၂၈-ပါးဟု ပြန်ဆိုလိုက်သည်။
၃။ **ပဉ္စင်္ဂိကဝါရ ဒုတိယနည်း (=ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရားအားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရားအားလုံးနှင့် လောကီကုသလ မူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း) တို့ကို ပေယျာလ ချန်ခဲ့သည်။
၄။ ပဉ္စင်္ဂိကဝါရဟု ဟောတော်မူရခြင်း အကြောင်း- (အဋ္ဌင်္ဂိကဝါရအစ ပြန်ကြည့်) (သီလမဂ္ဂင် ၃-ပါးကြဉ်သော) အင်္ဂါ၅-ပါးရှိသည့် ပဉ္စင်္ဂိကမဂ်ကို ဆင်းရဲချုပ်ခြင်း (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့် (မဂ္ဂသစ္စာ) ဟု ဟောတော်မူရခြင်းအကြောင်းမှာ- ပုဂ္ဂိုလ်၏ ကာယကံ, ဝစီကံ, အာဇီဝ= အသက်မွေးမှုသည် မဂ် မရမီ ရှေးမဆွကပင် သန့်ရှင်းစင်ကြယ်ပြီး ဖြစ်သောကြောင့် မဂ် အခိုက်အတန့်၌ ယင်းသီလမဂ္ဂင် ၃-ပါး ဖြည့်ဖွယ် မရှိတော့ပြီ၊ ကြွင်း မဂ္ဂင် ၅-ပါးသာ ဖြည့်ရတော့သည်ဟု ယူဆသည့် ပုဂ္ဂိုလ်တို့၏ ပုဂ္ဂလဇ္ဈာသယအားဖြင့် ပဉ္စင်္ဂိကမဂ်ကို ဆင်းရဲချုပ်ခြင်း 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့် 'မဂ္ဂသစ္စာ' ဟု ဟောတော်မူသည်။ (သမ္မော၊ ၄၊ နှာ-၁၁၅)

# သစ္စဝိဘင်္ဂ

## ၅ - ပဋ္စင်္ဂိကဝါရ ပဋ္စမနည်း

## (လောကီကုသိုလ် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**သမုဒယသစ္စာ**

၂၁၂။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' သည် လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည် လည်းကောင်း၊ 'ကုသလမူလ' သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည် လည်းကောင်း ရှိကုန်၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏ သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည် လည်းကောင်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးလည်း မဟုတ်သော အကြင်ပြုကာမျှသဘော 'ကြိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤလောကီဝိပါက်, ကြိယာ, ရုပ်အားလုံးကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာ လေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' ကို လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့ကို လည်းကောင်း၊ (ကိလေသာ ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့ကို လည်းကောင်း၊ 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း ဖြစ်သော 'ကုသလမူလ' သုံးပါးတို့ကို လည်းကောင်း၊ ('ကုသလမူလ' သုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ် တရားတို့ကို လည်းကောင်း ပယ်ခြင်းသည် ရှိ၏။

ဤလောကီကုသိုလ် အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်းတူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာ အဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာစျာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဆင်းရဲပြုပြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ မဖောက်မပြန် မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'၊ မဖောက်မပြန် မှန်ကန်စွာ ကြိုးစားအားထုတ်ခြင်း 'သမ္မာဝါယာမ'၊ မဖောက်မပြန် မှန်ကန်စွာ အောက်မေ့မှု 'သမ္မာသတိ'၊ မဖောက်မပြန် မှန်ကန်စွာ တည်ကြည်မှု (စိတ်ကို အာရုံ၌ ကောင်းစွာ ထားခြင်း) 'သမ္မာသမာဓိ' ဟူသော အင်္ဂါငါးပါးရှိသည့် နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း 'မဂ်' သည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော မဂ္ဂင်ငါးပါးကို ဆင်းရဲမှုချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။ပ။[**၁]

(မဂ္ဂင်ငါးပါးတို့မှ) ကြွင်းသော (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ်စိတ်နှင့် စေတသိက် ၂၈-ပါး) တရားတို့သည် ဆင်းရဲမှုချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် (မဂ္ဂသစ္စာ) နှင့် ယှဉ်ကုန်၏။

**(လောကီကုသိုလ် အကုသိုလ်အာလုံးကို သဒုဒယသစ္စာဟု ဟောသောနည်း ပဉ္စင်္ဂိကဝါရ ပဌမနည်း ပြီး၏။)**

**ပဉ္စင်္ဂိကဝါရအားဖြင့် သစ္စာလေးပါးဖွဲ့နည်း ၅-မျိုး ပြီး၏။**

၁။ ** မဂ္ဂင်၅-ပါး၏ အဓိပ္ပါယ်ကို ပေယျာလ ချန်ခဲ့သည်၊ ပထမနည်းအတိုင်း ချဲ့ယူရမည် ဖြစ်သည်။

# သစ္စဝိဘင်္ဂ

## ၃ - သဗ္ဗသင်္ဂါဟိကဝါရ

## (သဗ္ဗသင်္ဂါဟိကဝါရအားဖြင့် သစ္စာလေးပါး ဖွဲ့နည်း ၅-မျိုး)

(သဗ္ဗ = အလုံးစုံ၊ မင်္ဂ၌ယှဉ်သော သမ္ပယုတ်တရား အားလုံး။

သင်္ဂါဟိက = (သံ = ကောင်းစွာ။ ဂါဟ = ယူခြင်း။ ဣက = ပြခြင်း) ကောင်းစွာ သိမ်းယူ၍ ပြခြင်း။ သဗ္ဗသင်္ဂါဟိက = မင်္ဂစိတ်နှင့် ယှဉ်ဘက် ဖဿ-စသော စေတသိက်များကို မဂ္ဂသစ္စာဟု သိမ်းကျုံး၍ ပြသည့်နည်း ဖြစ်သည်။)

## ၁ - သဗ္ဗသင်္ဂါဟိကဝါရ ပဌမနည်း

## (တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသောနည်း)

**သစ္စာလေးပါး**

၂၁၃။ သစ္စာလေးပါးတို့ကား-

(၁) ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ'။

(၂) ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ'။

(၃) ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ'။

(၄) ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) တို့တည်း။

**သမုဒယသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

အကြင် တပ်မက်မှု 'တဏှာ' သည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ' ကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော 'ကိလေသာ' တို့သည် လည်းကောင်း၊ (ကိလေသာ ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီး ဖြစ်ပွားနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည် လည်းကောင်း၊ 'ကုသလမူလ' သုံးပါးတို့မှ ကြွင်းသော အာသဝ၏ အာရုံ ဖြစ်ကုန်သော (လောကီ) ကုသိုလ်တရားတို့သည် လည်းကောင်း၊ အာသဝ၏ အာရုံဖြစ်ကုန်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း၊ ကုသိုလ် အကုသိုလ်လည်း

မဟုတ်မူ၍ ကုသိုလ် အကုသိုလ် ကံ၏ အကျိုး 'ဝိပါက်' လည်း မဟုတ်ကုန်သော အကြင် ပြုကာမျှသာသော 'ကြိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

အကြင်တပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းသည် ရှိ၏။ ဤတပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အကုသိုလ် အဖြစ်ချင်းတူသော ဖြစ်ခြင်း ရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်းကောင်း၊ ပထမ အရိယာအဆင့် ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော 'နိယျာနိက' နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။**၁

ဤဆိုခဲ့ပြီးသော ဖဿစသော တရားအပေါင်းကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)[၂] ဟု ဆိုအပ်၏။ပ။

**(တဏှာကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော သင်္ဂဟိတကဝါရ ပထမနည်း ပြီး၏။)**

၁။ ** ဓမ္မသင်္ဂဏီစာပိုဒ်- ၂၇၇၊ နှာ-၇၂။

၂။ မဂ္ဂသစ္စာနှင့် ယှဉ်ဘက်ဖြစ်သော ဖဿစသော တရားအပေါင်း (= မဂ်စိတ်နှင့်ယှဉ်ဘက် စေတသိက်) သင်္ဂဟိတ တရားကို မဂ္ဂသစ္စာဟု ဟောတော်မူခြင်း ကြောင်းမှာ- မဂ်စိတ် ၄-ပါးနှင့် မဂ္ဂင်၈-ပါးကြဉ်သော စေတသိက် ၂၈-ပါးတို့သည် မဂ္ဂသစ္စာနှင့် ယှဉ်ဘော်ယှဉ်ဘက် တရားများဖြစ်ကြသောကြောင့် ဆင်းရဲချုပ်မှု (နိဗ္ဗာန်) သို့ရောက်ကြောင်း (မဂ္ဂသစ္စာ) ဟု ဟောတော်မူသည်။ (သမ္မော၊ ဌ၊ နှာ-၁၁၅) သင်္ဂဟိတကဝါရ ဒုတိယနည်း (=ကိလေသာ ၁၀-ပါးကို သမုဒယသစ္စာဟု ဟောသောနည်း)။ တတိယနည်း (=အကုသိုလ်တရား အားလုံးကို သမုဒယသစ္စာဟု ဟောသောနည်း)။ စတုတ္ထနည်း (=အကုသိုလ်တရားအားလုံးနှင့် လောကီကုသလမူလ ၃-ပါးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)။ ဤနည်း ၃-မျိုးကို ပေယျာလ ချန်ထားခဲ့သည်။

# သစ္စဝိဘင်္ဂ

## ၅ - သဗ္ဗသင်္ဂါဟိကဝါရ ပဌမနည်း

## (လောကီကုသိုလ်နှင့် အကုသိုလ်အားလုံးတို့ကို သမုဒယသစ္စာဟု ဟောသောနည်း)

**[သမုဒယသစ္စာ, ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ]**

**သမုဒယသစ္စာ**

၂၁၄။ ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' သည် လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် လည်းကောင်း၊ (ကိလေသာ၁၀-ပါးတို့မှ) ကြွင်းသော အကုသိုလ်တရားတို့သည် လည်းကောင်း၊ (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သော 'အာသဝ' ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်ကုန်သော လောကီကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါး (အလောဘ, အဒေါသ, အမောဟ) တို့သည် လည်းကောင်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်ကုန်သော လောကီကုသိုလ်တရားတို့သည် လည်းကောင်း ရှိကုန်၏။ ဤဆိုခဲ့ပြီးသော တရားအပေါင်းကို ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယသစ္စာ' ဟု ဆိုအပ်၏။

**ဒုက္ခသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' မည်သနည်း။

(သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ် မိုက်မဲစေတတ်သော 'အာသဝ'၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့၏ အကျိုး 'ဝိပါက်' တရားတို့သည် လည်းကောင်း (အာသဝ၏ အာရုံဖြစ်သော လောကီဝိပါက်တရားတို့သည် လည်းကောင်း)၊ ကုသိုလ် အကုသိုလ်လည်း မဟုတ်မူ၍ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးလည်း မဟုတ်သော အကြင် ပြုကာမျှသဘော 'ကြိယာ' တရားတို့သည် လည်းကောင်း၊ အလုံးစုံသော ရုပ်သည် လည်းကောင်း ရှိ၏။

ဤလောကီဝိပါက်, ကြိယာ, ရုပ်အားလုံးကို ဆင်းရဲမှုအမှန်သဘော 'ဒုက္ခသစ္စာ' ဟု ဆိုအပ်၏။

**နိရောဓသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခနိရောဓသစ္စာ' မည်သနည်း။

တပ်မက်မှု 'တဏှာ' ကို လည်းကောင်း၊ (တဏှာမှ) ကြွင်းသော ပူပန်စေတတ်သော နှိပ်စက်တတ်သော 'ကိလေသာ' တို့ကို လည်းကောင်း၊ (ကိလေသာ၁၀-ပါးမှ) ကြွင်းသော အကုသိုလ်တရားတို့ကို လည်းကောင်း၊ အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံဖြစ်သော (လောကီ) ကုသိုလ်၏ အကြောင်းရင်း 'ကုသလမူလ' သုံးပါးတို့ကို လည်းကောင်း၊ (ကုသလမူလသုံးပါးတို့မှ) ကြွင်းသော အာသဝ၏ အာရုံဖြစ်သော လောကီကုသိုလ်တရားတို့ကို လည်းကောင်း ပယ်ခြင်းသည် ရှိ၏။

ဤလောကီကုသိုလ်, အကုသိုလ်တရားအပေါင်းကို ပယ်ခြင်းကို ဆင်းရဲချုပ်မှု အမှန်သဘော 'ဒုက္ခ နိရောဓသစ္စာ' ဟု ဆိုအပ်၏။

**မဂ္ဂသစ္စာ။ ။**

ထိုသစ္စာလေးပါးတို့တွင် အဘယ်သည် ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန်သဘော 'ဒုက္ခ နိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ) မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ အမြင်မှားမှု 'ဒိဋ္ဌိ' (ဒိဋ္ဌိနှင့် အချင်းချင်း အကုသိုလ် အဖြစ်ဖြင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာစသော အကုသိုလ်တရား) တို့ကို ပယ်ခြင်းငှါ လည်း ကောင်း၊ ပဌမအရိယာအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ လည်းကောင်း ဝဋ္ဋဆင်းရဲမှ ထွက်မြောက် တတ်သော 'နိယျာနိက', နိဗ္ဗာန်သို့ ရောက်ကြောင်း 'အပစယဂါမိ' ဖြစ်သော လောကုတ္တရာ ဈာန်ကို ပွါး၏။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲငြိငြင်သော အကျင့်ရှိသော နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်သို့ ရောက်၍ (မျက်မှောက်ပြု၍) နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။

ဤဆိုခဲ့ပြီးသော ဖဿစသော တရားအပေါင်းကို ဆင်းရဲချုပ်မှုသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ' (မဂ္ဂသစ္စာ)ဟု ဆိုအပ်၏။

**(လောကီကုသိုလ် အကုသိုလ်အားလုံးကို သမုဒယသစ္စာအဖြစ်ဖြင့် ဟောသော သဗ္ဗသင်္ဂါဟိကဝါရ ပဥ္စမနည်း ပြီး၏။)**

**(သဗ္ဗသင်္ဂါဟိကဝါရ ပြီး၏။)**

**အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားအပ်သော 'အဘိဓမ္မဘာဇနီယနည်း' ပြီး၏။**

# သစ္စဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆက

## (အမေး-အဖြေပြု၍ ဟောကြားသော ပဉှာပုစ္ဆကနည်း)

**သစ္စာ ၄-ပါး**

၂၁၅။ မဂ်ဖိုလ်ကို ရပြီး၍ ဖြူစင်မြင့် မြတ်သဖြင့် 'အရိယာ' ဟု ခေါ်တွင်သော ပုဂ္ဂိုလ်မြတ်တို့ ထိုးထွင်း၍ သိအပ်သည့် အမှန်သဘော 'အရိယသစ္စာ' လေးပါးတို့ကား-

(၁) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှု အမှန်သဘော 'ဒုက္ခအရိယသစ္စာ'။

(၂) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'ဒုက္ခသမုဒယ အရိယသစ္စာ'။

(၃) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှုချုပ်ရာ အမှန်သဘော 'ဒုက္ခနိရောဓ အရိယသစ္စာ'။

(၄) အရိယာတို့ ထိုးထွင်း၍ သိအပ်သော ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်းအကျင့် အမှန် သဘော 'ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ'[၁] တို့တည်း။

၁။ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ= မဂ္ဂသစ္စာ။

# သစ္စဝိဘင်္ဂ

## သစ္စာ ၄-ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

## ၁ - တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁) ကုသလတိက် အမေးပုစ္ဆာ

၂၁၆။ အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သော အမှန်သဘော 'အရိယသစ္စာ' ၄-ပါးတို့တွင် အပြစ် မရှိမူ၍ ကောင်းကျိုး ချမ်းသာကိုသာ ပေးတတ်သော 'ကုသိုလ်' သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အပြစ်နှင့်တကွဖြစ်၍ မကောင်းကျိုးဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သော 'အဗျာကတ' သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။ **၁

၁။ ** ဝေဒနာတိက် အမှတ် ၂-မှ သနိဒဿနတိက် အမှတ် ၂၂-အထိ တိက် ၂၁-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ ချန်ခဲ့သည်။

## ၂ - ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

### (၁၀၀) သရဏဒုက် အမေးပုစ္ဆာ။ ။

(အရိယသစ္စာ ၄-ပါးတို့တွင်) ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသော 'အရဏ' သစ္စာတို့သည် အဘယ်မျှ ရှိကုန် သနည်း။ **၁

၁။ ** ဟေတုဒုက် ဒုက်အမှတ် ၁-မှ သဉတ္တရဒုက် ဒုက်အမှတ် ၉၉-အထိ ဒုက် ၉၉-ခုတို့၏ အမေးပုစ္ဆာများကို ပေယျာလ လုံးဝချန်ခဲ့သည်။

# သစ္စဝိဘင်္ဂ

## သစ္စာ ၄ - ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ' ကို ပြခြင်း

## ၁ - တိကဝိသဇ္ဇနာ

## (သစ္စာ ၄-ပါးတို့ကို တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ' ကို ပြခြင်း)

### (၁) ကုသလတိက် အဖြေဝိသဇ္ဇနာ

၂၁၇။ ဆင်းရဲမှုဖြစ်ကြောင်း အမှန်သဘော 'သမုဒယသစ္စာ' သည် အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုး ဆင်းရဲကို ပေးတတ်သော 'အကုသိုလ်' ဖြစ်၏ (လောဘ)။

ဆင်းရဲမှု ချုပ်ရာသို့ ရောက်ကြောင်း အကျင့် အမှန်သဘော 'မဂ္ဂသစ္စာ' သည် အပြစ် မရှိမူ၍ ကောင်းကျိုး ချမ်းသာကို ပေးတတ်သော 'ကုသိုလ်' ဖြစ်၏ (မဂ္ဂင်ရှစ်ပါး)။

ဆင်းရဲမှုချုပ်ရာ အမှန်သဘော 'နိရောဓသစ္စာ' သည် ကုသိုလ်, အကုသိုလ် အဖြစ်ဖြင့် မဟောအပ်သော (ကုသိုလ်လည်း မဟုတ်မူ၍ အကုသိုလ်လည်း မဟုတ်သော) 'အဗျာကတ' ဖြစ်၏ (နိဗ္ဗာန်)။

အချို့သော ဆင်းရဲမှု အမှန်သဘော 'ဒုက္ခသစ္စာ' သည် ကုသိုလ် ဖြစ်၏ (လောကီကုသိုလ်စိတ္တုပ္ပါဒ်[၁]များ)။ အချို့သော ဒုက္ခသစ္စာသည် အကုသိုလ် ဖြစ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အဗျာကတဖြစ်၏ (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

၁။ စိတ္တုပ္ပါဒ်သည် စိတ်နှင့်ယှဉ်ဘက် စေတသိက်များဟု ဆိုလိုသည်။

### (၂) ဝေဒနာတိက် အဖြေဝိသဇ္ဇနာ။ ။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် သုခဝေဒနာနှင့် ယှဉ်ကုန်၏ (လောဘမူ သောမနဿစိတ် ၄-ပါး၌ ရှိသော လောဘ၊ သောမနဿမဂ် စျာန်စိတ်၁၆-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်ကုန်၏ (လောဘမူ ဥပေက္ခာသဟဂုတ်စိတ် ၄-ပါး၌ ရှိသော လောဘ၊ ဥပေက္ခာသဟဂုတ် မဂ်စျာန်စိတ် ၄-ပါး၌ ရှိသော မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခ သစ္စာသည် သုခဝေဒနာနှင့် ယှဉ်၏ (လောကီသုခသဟဂုတ်စိတ် ၃၁-ပါး၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဝေဒနာကြဉ် ယှဉ်ဘက် စေတသိက် ၄၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဒုက္ခဝေဒနာနှင့် ယှဉ်၏ (ဒေါသမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ် စိတ်)။ အချို့သော ဒုက္ခသစ္စာသည် အဒုက္ခမသုခဝေဒနာ (ဥပေက္ခာ) နှင့် ယှဉ်၏ (လောကီဥပေက္ခာသဂုတ်စိတ် ၄၇-ပါး၊ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ပီတိ, ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅-ပါး)။

**တိက်မှတ်။ ။**

အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ) နှင့် ယှဉ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဝေဒနာ၊ ရုပ် ၂၈-ပါး)။

## (၃) ဝိပါကတိက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သော သဘော) ရှိသောတရား ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုးကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သောသဘော) ရှိသော တရားလည်း မဟုတ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' ဖြစ်၏ (လောကီဝိပါက်စိတ် ၃၂-ပါး၊ ယှဉ်ဘက် စေတသိတ် ၃၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်း သဘော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ်သောသဘော) ရှိသော တရားဖြစ်၏ (လောဘကြဉ်သော လောကီကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး 'ဝိပါက်' လည်း မဟုတ်မူ၍ အကျိုး 'ဝိပါက်' ကို ဖြစ်စေခြင်းသဘော (အကျိုး 'ဝိပါက်' ကို ဖြစ်စေတတ် သော သဘော) ရှိသော တရားလည်း မဟုတ်ချေ (ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

## (၄) ဉပါဒိန္နတိက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သည့် ကံကြောင့် မဖြစ်မူ၍) ဉပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံသာ ဖြစ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်မူ၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သော လောကီကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့် မဖြစ်မူ၍) ဉပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံလည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်-၈ပါး)။

အချို့သော ဒုက္ခသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့်လည်း ဖြစ်၍) ဉပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံလည်း ဖြစ်၏ (လောကီဝိပါက်စိတ် ၃၂-ပါး၊ ယှဉ်ဘက်စေတသိက်၊ ကမ္မဇရုပ်)၊ အချို့သော ဒုက္ခသစ္စာသည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်မူ၍ (တဏှာ, ဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံကြောင့် မဖြစ်မူ၍) ဉပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံသာဖြစ်၏ (လောကီ ကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်၊ လောဘကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ကြဉ်သော တိဇရုပ်)။

## (၅) သံကိလိဋ္ဌတိက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ပူပန်စေတတ်နှိပ်စက်တတ် ညစ်နွမ်း စေတတ်သော ကိလေသာတို့သည် ပူပန် စေအပ်သည်လည်း ဖြစ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံလည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ်စိတ်နှင့် ယှဉ်သော မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း ဖြစ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)၊ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည် မဟုတ်မူ၍ (ကိလေသာနှင့် မယှဉ်မူ၍) ကိလေသာ၏ အာရုံသာ ဖြစ်၏။ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

## (၆) ဝိတက်တိက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ဝိတက်လည်း ရှိ၍ (ဝိတက်နှင့်လည်း ယှဉ်၍) ဝိစာရလည်း ရှိ၏ (ဝိစာရနှင့် လည်း ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။ နိရောဓသစ္စာသည် ဝိတက်လည်း မရှိမူ၍ (ဝိတက် နှင့်လည်း မယှဉ်မူ၍) ဝိစာရလည်း မရှိချေ (ဝိစာရနှင့်လည်း မယှဉ်) (နိဗ္ဗာန်)။

အချို့သော မဂ္ဂသစ္စာသည် ဝိတက်လည်းရှိ၍ (ဝိတက်နှင့်လည်းယှဉ်၍) ဝိစာရလည်းရှိ၏ (ဝိစာရနှင့် လည်း ယှဉ်၏) (မဂ်ပဌမစျာန်စိတ်၌ရှိသော ဝိတက်ကြဉ်သည့် မဂ္ဂင် ၇-ပါး)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်ကား မရှိမူ၍ (ဝိတက်နှင့် မယှဉ်မူ၍) ဝိစာရမျှသာ ရှိ၏ (ဝိစာရနှင့်သာယှဉ်၏) (မဂ်ဒုတိယစျာန် စိတ်၌ရှိသည့် သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇-ပါး၊ မဂ်ပဌမစျာန်၌ရှိသော သမ္မာသင်္ကပ္ပ = ဝိတက်)။ အချို့သော မဂ္ဂသစ္စာသည် ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိချေ (မဂ်တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်စိတ်တို့၌ ရှိသော သမ္မာသင်္ကပ္ပကြဉ် မဂ္ဂင် ၇-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဝိတက်လည်း ရှိ၍ ဝိစာရလည်း ရှိ၏ (လောကီသဝိတက္ကစိတ် ၄၇-ပါး၊ လောဘ, ဝိတက်, ဝိစာရကြဉ် ယှဉ်ဘက်စေတသိတ် ၄၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဝိတက် မရှိမူ၍ ဝိစာရမျှသာရှိ၏ (လောကီဒုတိယစျာန် ၃-ပါးနှင့် ယှဉ်ဘက်စေတသိက်၊ လောကီသဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိတက် ၄၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဝိတက်လည်းမရှိမူ၍ ဝိစာရလည်း မရှိချေ (လောကီအဝိတက္က အဝိစာရစိတ် ၃၁-ပါး၊ ယှဉ်ဘက်စေတသိက် ၃၆-ပါး၊ လောကီ ဒုတိယစျာန် စိတ် ၃-ပါး၌ရှိသော ဝိစာရ စေတသိတ် ၃-ပါး၊ ရုပ် ၂၈-ပါး)။

**တိက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ဝိတက်လည်းရှိ၍ ဝိစာရလည်းရှိ၏ဟူ၍ လည်းကောင်း ဝိတက် မရှိမူ၍ ဝိစာရမျှသာ ရှိ၏ဟူ၍ လည်းကောင်း ဝိတက်လည်း မရှိမူ၍ ဝိစာရလည်း မရှိဟူ၍ လည်းကောင်း မဆို အပ်ချေ (လောကီ သဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိစာရစေတသိတ် ၄၇-ပါး)။

## (၇) ပီတိတိက် အဖြေ ဝိသဇ္ဇနာ။ ။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်၏) (လောဘမူ သောမနဿစိတ်၌ရှိသော လောဘ၊ ပဌမ, ဒုတိယ, တတိယမဂ် စျာန်စိတ်၁၂-ပါး တို့၌ ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောဘမူ သောမနဿစိတ်၌ရှိသော လောဘ၊ ပဌမ, ဒုတိယ, တတိယ, စတုတ္ထ မဂ်စျာန်စိတ်၁၆-ပါး တို့၌ ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောဘမူဥပေက္ခာ စိတ်၌ ရှိသော လောဘ၊ မဂ်ပဉ္စမစျာန်စိတ် ၄-ပါး၌ ရှိသော မဂ္ဂင် ၇-ပါး)။

**တိက်မုတ်။ ။**

နိရောဓသေစ္စာကို ပီတိနှင့်တကွ ဖြစ်၏ (ပီတိနှင့်ယှဉ်၏) ဟူ၍ လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍ လည်ကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ပီတိနှင့်တကွ ဖြစ်၏ (ပီတိနှင့်ယှဉ်၏) (လောကီပီတိသဟဂုတ်စိတ် ၂၇-ပါး၊ လောဘ, ပီတိ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော ယှဉ်ဘက် စေတသိက် ၄၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် သုခဝေဒနာနှင့်တကွ ဖြစ်၏ (သုခဝေဒနာနှင့် ယှဉ်၏) (လောကီသုခသဟဂုတ်စိတ် ၃၁ပါး၊ လောဘ, ဝေဒနာ, ဒေါစတုက်, ဝိစိကိစ္ဆာကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။ (ဥပေက္ခာဝေဒနာနှင့် ယှဉ်၏) (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၊ လောဘ, ဝေဒနာ, ဒေါစတုက်, ပီတိကြဉ်သော ယှဉ်ဘက်စေတသိက် ၄၅-ပါး)။

**တိက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ပီတိနှင့်တကွ ဖြစ်၏ဟူ၍ လည်းကောင်း၊ သုခဝေဒနာနှင့်တကွ ဖြစ်၏ ဟူ၍ လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒုက္ခသဟဂုတ် စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး၊ သုခသဟဂုတ်ကာယဝိညာဏ်နှင့် လောကီစတုတ္ထဈာန် စိတ် ၃-ပါးတို့၌ ရှိသော သုခဝေဒနာ ၄-ပါး၊ လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါး၌ ရှိသော ဥပေက္ခာဝေဒနာ ၄၇-ပါး)။

## (၈) ဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော သောတာပတ္တိမဂ်သည် ပယ်အပ်သည်လည်း မဟုတ်မူ၍, (သောတာပတ္တိမဂ် မြင်ပြီးသော နိဗ္ဗာန်ကို ပွါးများခြင်းအားဖြင့် တစ်ဖန်ထပ်၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက်မဂ်သုံးခုတို့သည် ပယ်အပ် သည်လည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သည် ဖြစ်၏ (ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ပါး၌ရှိသော လောဘ)၊ အချို့သော သမုဒယသစ္စာသည် အထက်မဂ်သုံးခုတို့သည် ပယ်အပ်သည် ဖြစ်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ် သည် ပယ်အပ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာစိတ်၊ လောဘကြဉ်သော ယှဉ်ဘက် စေတသ စိတ်များ၊ အပါယဂမနိယဖြစ်သော အကုသိုလ် တရားများ)။ အချို့သော ဒုက္ခသစ္စာသည် အထက်မဂ် သုံးပါးတို့သည် ပယ်အပ်၏ (ကြွင်းအကုသိုလ်စိတ် ၇-ပါး၊ လောဘကြဉ်သော ယှဉ်ဘက်စေတသိတ်များ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ် ပယ်အပ်သည်လည်း မဟုတ်မူ၍ အထက်မဂ် သုံးပါးတို့ သည် ပယ်အပ်သည်လည်း မဟုတ်ကုန် (လောကီ ကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၉) ဒဿနဟေတုတိက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ သည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန် (နိဗ္ဗာန်၊ မဂ်စိတ်တို့၌ ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏ (လောဘမူ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်၌ရှိသော လောဘ-မောဟဟိတ်နှင့် ယှဉ်၏)။ အချို့သော သမုဒယသစ္စာသည် အထက်မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိ၏ (လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ်ရှိ၏ (လောဘကြဉ်သော

ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြည်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အထက် မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိ၏ (လောဘကြည်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြည်သော ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် သောတာပတ္တိမဂ် ပယ်အပ် သော ဟိတ်ရှိသည်လည်း မဟုတ်မူ၍ အထက်မဂ်သုံးပါးတို့ ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ် ကုန် (မောဟမူဒွေး၌ရှိသော မောဟ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

## (၁၀) အာစယဂါမိတိက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏ (လောဘ)။ မဂ္ဂသစ္စာသည် စုတိ ပဋိ သန္ဓေမှ ကင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏ (မဂ်စိတ် ၄-ပါး၌ရှိသည့် မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်း လည်း မဟုတ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏ (လောဘကြည်သည့် လောကီ ကုသိုလ်, အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ချေ (လောကီဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ, ရုပ် ၂၈- ပါး)။ [အာစယဂါမိ= အာ+စယ+ဂါမိ။ အာ= လွန်စွာ။ စယ= ဆည်းပူး။ ဂါမိ= ရောက်ကြောင်း။ = ကံ ကိလေသာတို့သည် ဆည်းပူးအပ်သော တရားသို့ ရောက်ကြောင်း။ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း]

## (၁၁) သေက္ခတိက် အဖြေဝိသဇ္ဇနာ။ ။

မဂ္ဂသစ္စာသည် (အရဟတ္တဖိုလ်သို့ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်၏ (အရိယာ မဂ္ဂင်ရှစ်ပါး)။ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ) သစ္စာသုံးပါးတို့သည် (အရဟတ္တဖိုလ်သို့ ရောက်ရန်) ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်မူ၍ (အရဟတ္တဖိုလ်သို့ရောက်ပြီး) ကျင့်ပြီး 'အသေက္ခ' (ရဟန္တာ) ပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန် (လောကီတရားများ၊ နိဗ္ဗာန်)။

## (၁၂) ပရိတ္တတိက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် နည်းပါးသော တန်ခိုးအာနုဘော်ရှိသော 'ပရိတ္တ' တရား (ကာမတရား) ဖြစ်၏ (လောဘ)။ (နိရောဓ သစ္စာ, မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နှိုင်းယှဉ်မှုကို ပြုတတ်သော ကိလေသာတို့ ၏ ဆန့်ကျင်ဘက် ဖြစ်သော (မနှိုင်းယှဉ်အပ်သော) 'အပ္ပမာဏ' တရား ဖြစ်၏။

အချို့သော ဒုက္ခသစ္စာသည် နည်းပါးသော တန်ခိုးအာနုဘော်ရှိသော 'ပရိတ္တ'တရား (ကာမတရား) ဖြစ်၏ (လောဘကြည်သော ကာမာဝစရစိတ္တုပ္ပါဒ်၊ ရုပ်)။ အချို့သော ဒုက္ခသစ္စာသည် ကြီးကျယ်မြင့်မြတ် သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂတ'တရားဖြစ်၏ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်)။

[ပမာဏ= တိုင်းတာအပ်သော၊ တိုင်းတာတတ်သော ကိလေသာရှိနေသူ ပုထုဇဉ်၏ ဂုဏ်မှာ ဤမျှ လောက်သာ ရှိ၏။ ဤမျှလောက်သာ ကြီး၏ဟု တိုင်းတာနှိုင်းယှဉ်၍ ရကောင်းသဖြင့် ကိလေသာကို 'ပမာဏ' တရားဟု ခေါ်သည်။]

## (၁၃) ပရိတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် အာရုံပြုတတ်သော သဘောမရှိ (အာရုံ မပြုတတ်ချေ) (နိဗ္ဗာန်)။ မဂ္ဂသစ္စာသည် မနှိုင်းယှဉ်အပ်သော 'အပ္ပမာဏ'တရား (လောကုတ္တရာတရားဖြစ်သော နိဗ္ဗာန်) ကို အာရုံပြု၏ (မဂ်စိတ်၌ ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် ပရိတ္တတရား (ကာမတရား) ကို အာရုံပြု၏ (လောဘမူစိတ် ၈-ပါး ၌ ရှိသော လောဘ)။ အချို့သော သမုဒယသစ္စာသည် မဟဂ္ဂုတ်တရားကို အာရုံပြု၏ (ရပြီးစျာန်ကို သာယာမှုစသည် ဖြစ်သော အခိုက်အတန့်၌ ဖြစ်သော လောဘ)။ သမုဒယသစ္စာသည် အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံမပြုချေ။

အချို့သော သမုဒယသစ္စာကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြု၏ ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်တရားကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ပညတ်ကို အာရုံပြုခိုက်ဖြစ်သော လောဘ)။

အချို့သော ဒုက္ခသစ္စာသည် ကာမကို အာရုံပြု၏ (ကာမတရားကို အာရုံပြုခိုက် ဖြစ်သော ကာမာ ဝစရစိတ္တုပ္ပါဒ်များနှင့် အဘိညာဉ်ဒွေး)။ အချို့သော ဒုက္ခသစ္စာသည် မဟဂ္ဂုတ်ကို အာရုံပြု၏ (လောဘ ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်၊ အဘိညာဉ်ဒွေ၊ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ စိတ္တုပ္ပါဒ်၊ အရူပ ဒုတိယ-စတုတ္ထ စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အပ္ပမာဏတရား (လောကုတ္တ ရာတရား) ကို အာရုံပြု၏ (မနောဒွါရာဝဇ္ဇန်း၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်၊ အဘိညာဉ် ဒွေ)။

**တိက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ပရိတ္တတရား (ကာမတရား) ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ် တရားကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ အပ္ပမာဏတရား (လောကုတ္တရာတရား) ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ပညတ်ကို ဧကန်အာရုံပြုသော ရူပါဝစရစိတ္တုပ္ပါဒ်၊ မဟဂ္ဂုတ်ကို ဧကန် အာရုံပြုသော အရူပါဝစရ ပဥ္စမ တတိယ စိတ္တုပ္ပါဒ်၊ ပညတ်ကို အနေကန် အာရုံပြုခိုက်ဖြစ်သော မနောဒွါရာဝဇ္ဇန်း, လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်, မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်နှင့် အဘိညာဉ်ဒွေ၊ ရုပ် ၂၈-ပါး)။

## (၁၄) ဟီနတိက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ယုတ်ညံ့သော 'ဟီန' တရား ဖြစ်၏။ (လောဘ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မြင့်မြတ်သော 'ပဏီတ' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။ အချို့သော ဒုက္ခ သစ္စာသည် ယုတ်ညံ့သော 'ဟီန' တရား ဖြစ်၏ (လောဘကြဉ်သော အကုသိုလ် စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အလယ်အလတ်ဖြစ်သော 'မဇ္ဈိမ' တရား ဖြစ်၏ (အကုသိုလ် ကြဉ်သော လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၁၅) မိစ္ဆတ္တတိက်[၁]အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတတရား မဟုတ်ချေ (အနိယတ[၂]တရားဖြစ်သည်) (နိဗ္ဗာန်)။ မဂ္ဂသစ္စာသည် မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားဖြစ်၏ (မဂ်စိတ္တုပ္ပါဒ်၌ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်၊ ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေ၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မိစ္ဆတ္တနိယတ, သမ္မတ္တနိယတအားဖြင့် အကျိုးပေး မမြဲကုန် (ကြွင်းသော လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

၁။ မိစ္ဆတ္တ= (မိစ္ဆာ= မှားသော။ အတ္တ= သဘော)။
၂။ အာယတနဝိဘင်- ပဉှာပုစ္ဆက ပိုဒ်ရေ (၉၈)၊ ဓာတုဝိဘင်- ပဉှာပုစ္ဆက ပိုဒ်ရေ (၁၅) (၉၈) ကြည့်ပါ။

## (၁၆) မဂ္ဂါရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ။ (အာရုံ မပြုတတ်ချေ) (နိဗ္ဗာန်)။

**တိက်မုတ်။ ။**

သမုဒယသစ္စာကို မဂ်ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မဂ်မည်သော အကြောင်းရင်း ဟိတ် 'မဂ္ဂဟိတ်' ရှိ၏ဟူ၍ လည်းကောင်း (ကုသိုလ်ဟိတ်ဖြစ်သည့် အမောဟဟု ဆိုအပ်သော သမ္မာဒိဋ္ဌိနှင့် ယှဉ်၏ဟူ၍ လည်းကောင်း)၊ မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ' ရှိ၏ဟူ၍ လည်းကောင်း (အဓိပတိ ထိုက်သော သမ္မာဒိဋ္ဌိမဂ္ဂင် = ဝီမံသာဓိပတိ၊ သမ္မာဝါယာမမဂ္ဂင် = ဝီရိယာဓိပတိတို့နှင့် ယှဉ်၏ဟူ၍ လည်းကောင်း) မဆိုအပ်ချေ။

မဂ္ဂသစ္စာသည် မဂ်ကို အာရုံမပြုချေ (မဂ်စိတ်တို့၌ရှိသော မဂ္ဂသစ္စာဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါး သည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်)။ မဂ္ဂသစ္စာသည် မဂ်မည်သောအကြောင်း ဟိတ်ရှိ၏ (ဟိတ်ဟု ဆိုအပ်သော မဂ္ဂင်နှင့် ယှဉ်၏) (သမ္မာဒိဋ္ဌိဖြစ်သော အမောဟကြဉ်သော မဂ္ဂင် ၇-ပါး)။

အချို့သော မဂ္ဂသစ္စာသည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ' ရှိ၏ (သမ္မာဒိဋ္ဌိတည်းဟူသော ဝီမံသာဓိပတိ၊ သမ္မာဝါယာမတည်းဟူသော ဝီရိယာဓိပတိ-ဤတရား ၂-ပါးတို့ တစ်ပါးစီ အသီးအသီး အဓိပတိတပ်ခိုက်၌ ကြွင်းသော မဂ္ဂင် ၇-ပါးတို့သည် အဓိပတိတရားနှင့် ယှဉ်ကြသည်။ မဂ္ဂင် ၈-ပါး အားလုံးပင် မဂ္ဂါဓိပတိတရားနှင့် ယှဉ်သည်)။

အချို့သော မဂ္ဂသစ္စာသည် မဂ်မည်သော အကြီးအမှူး 'မဂ္ဂါဓိပတိ' ရှိ၏ဟု မဆိုအပ်ချေ (ဆန္ဒနှင့် စိတ်တို့ အဓိပတိတပ်ခိုက်၌ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂါဓိပတိတရားနှင့်မယှဉ်[၁]။ တစ်နည်း- အဓိပတိတပ်ခိုက် ဖြစ်သော သမ္မာဒိဋ္ဌိ မဂ္ဂင်, အဓိပတိတပ်ခိုက်ဖြစ်သော သမ္မာဝါယာမမဂ္ဂင်- ဤမဂ္ဂင် ၂-ပါး)။

အချို့သော ဒုက္ခသစ္စာသည် မဂ်ကို အာရုံပြု၏ (မနောဒွါရာဝဇ္ဇန်း၊ ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာ, အဘိညာဉ်ဒွေစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် မဂ်မည်သော အကြောင်းဟိတ်မရှိ (ကုသိုလ်ဟိတ် ဖြစ်သော သမ္မာဒိဋ္ဌိ= အမောဟနှင့်မယှဉ်) (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် မဂ်မည်သော အကြီးအမှူး ရှိ၏ (မဂ်ကို အလေးအမြတ် အာရုံပြုသည့် ဉာဏသမ္ပယုတ်မဟာကုသိုလ်, မဟာကြိယာစိတ္တုပ္ပါဒ်)။

အချို့သော ဒုက္ခသစ္စာသည် မင်္ဂကို အာရုံပြု၍ ဟူ၍ လည်းကောင်း၊ မဂ်မည်သော အကြီးအမှူး ရှိ၍ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မဂ်ကို အာရုံမပြုခိုက် မပြုနေ လောဘကြဉ်သော လောကီ တရားများ)။

**[မှတ်ချက်။ ။** မဂ္ဂါဓိပတိတရားမှာ မဂ္ဂင်ရှစ်ပါး၌လည်း ပါဝင်ရမည်၊ အဓိပတိကိစ္စ တပ်နိုင်သော တရား လည်း ဖြစ်ရမည်။ သမ္မာဒိဋ္ဌိသည် မဂ္ဂင်လည်းဖြစ်၍ ဝီမံသာဓိပတိလည်း ဖြစ်သဖြင့် မဂ္ဂါဓိပတိတရား ဖြစ်သည်။ သမ္မာဝါယာမသည် မဂ္ဂင်လည်းဖြစ်၍ ဝီရိယာဓိပတိလည်း ဖြစ်နိုင်သဖြင့် မဂ္ဂါဓိပတိတရား ဖြစ်သည်။ ]

၁။ ဆန္ဒနှင့် စိတ်တို့သည် အဓိပတိကိစ္စ တပ်နိုင်သော်လည်း မဂ္ဂင်တရားများ မဟုတ်ချေ။ အဓိပတိကိစ္စလည်း တပ်နိုင်၍ မဂ္ဂင်လည်းဖြစ်သော တရားများမှာ သမ္မာဒိဋ္ဌိ (= ပညာ, ဝီမံသာဓိပတိ) နှင့် သမ္မာဝါယာမ (= ဝီရိယ, ဝီရိယာဓိပတိ) တို့ ဖြစ်သည်။

## (၁၇) ဥပ္ပန္နတိက် အဖြေဝိသဇ္ဇနာ။ ။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲ ဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်ကုန်၏ (ပစ္စုပ္ပန်လောဘနှင့် မဂ္ဂင်ရှစ်ပါး)။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်မည် ဆိုကဖြစ်နိုင်သည့် ဖြစ်ကောင်း ဖြစ်မည့် 'အနုပ္ပန္န' တရားဖြစ်သည်) (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော လောဘနှင့် မဂ္ဂင်ရှစ်ပါး)။

အချို့သော (သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ဟု မဆို အပ်ကုန် (နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကျိုးတရားများ မဟုတ်)။

**တိက်မှတ်။ ။**

နိရောဓသစ္စာကို ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲဖြစ်သော 'ဥပ္ပန္န' တရားဖြစ်၏ဟူ၍ လည်းကောင်း၊ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ်သော 'အနုပ္ပန္န' တရား ဖြစ်၏ဟူ၍ လည်းကောင်း၊ မချွတ်ဧကန် ဖြစ်လတ္တံ့ဖြစ်သော 'ဥပ္ပါဒီ'တရားဖြစ်၏ဟူ၍လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန်တရားဟု မဆိုအပ်ချေ)။

အချို့သော ဒုက္ခသစ္စာသည် ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ဆဲဖြစ်သော 'ဥပ္ပန္န' တရား ဖြစ်၏ (ပစ္စုပ္ပန်တရားများဖြစ်သော လောဘကြဉ်သည့် လောကီတရားများ)။

အချို့သော ဒုက္ခသစ္စာသည် ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်မူ၍ ရောက်ဆဲလည်း မဟုတ် ချေ (နောင်အနာဂတ်ကာလ၌ ဖြစ်မည်ဆိုက ဖြစ်ကောင်း ဖြစ်လတ္တံ့သောတရား 'အနုပ္ပန္န' တရား ဖြစ် သည်) (နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော လောဘနှင့် ဝိပါက်စိတ်တို့ကြဉ်သည့် လောကီစိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်ကြဉ်သည့် တိဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် မချွတ်ဧကန် ဖြစ်လတ္တံ့ ဖြစ်၏ (နောင်အနာ ဂတ်ကာလ၌ မချွတ်ဧကန် ဖြစ်မည့် 'ဥပ္ပါဒီ' တရား ဖြစ်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။

**(၁၈) အတီတတိက် အဖြေဝိသဇ္ဇနာ။ ။**

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဖြစ်ပြီး 'အတိက်' တရား ဖြစ်ကုန်၏။ အချို့သော သစ္စာသုံးပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရား ဖြစ်ကုန်၏။ အချို့သော သစ္စာသုံးပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရား ဖြစ်ကုန်၏ (လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး၊ မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။

**တိက်မုတ်။ ။**

နိရောဓသစ္စာကို ဖြစ်ပြီး 'အတိက်' တရားဖြစ်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားဖြစ်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားဖြစ်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

**(၁၉) အတီတာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။**

နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိ (အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။ မဂ္ဂသစ္စာကို ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရားကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်)။

**တိက်မုတ် ။ ။**

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုကုန်၏ (အတိက်ကို ဧကန် အာရုံပြုသော အရူပ ဒုတိယ, စတုတ္ထ စိတ္တုပ္ပါဒ်များ၊ ဝိရတီနှင့်အပ္ပမညာ ကြဉ်သော အတိက်ကို အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, တဒါရုံ ၁၁, အဘိညာဉ်ဒွေ စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မရောက်သေး (ဖြစ်လတ္တံ့)သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ (အနာဂတ်တရားကို အာရုံပြုခိုက်ဖြစ်သော အပ္ပမညာကြဉ်သည့် မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, တဒါရုံ ၁၁, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ (ပစ္စုပ္ပန်တရားကို ဧကန် အာရုံပြုသော ဒွေပဉ္စဝိညာဏ်-၁၀ နှင့် မနောဓာတ် ၃-ပါး၊ ယှဉ်ဘက် စေတသိတ်များ၊ ပစ္စုပ္ပန်တရားကို အနေကန်အာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉, တဒါရုံ ၁၁, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ)။

**တိက်မုတ်။ ။**

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဖြစ်ပြီး 'အတိက်' တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) သော 'အနာဂတ်' တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' တရားကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ပညတ်ကို အာရုံပြုသော စိတ္တုပ္ပါဒ်များ၊ နိဗ္ဗာန်ကို အနေကန် အာရုံပြုသော မနေဒွါရာဝဇ္ဇန်း, ဉာဏသမ္ပယုတ် မဟာကုသိုလ်, မဟာကြိယာ, အဘိညာဉ်ဒွေး စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၂၀) အဇ္ဈတ္တတိက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်၏ (နိဗ္ဗာန်)။ ကြွင်းသော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ရံခါအတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါအပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါအတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ(အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။

မဂ္ဂသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သောတရား (နိဗ္ဗာန်) ကို အာရုံပြု၏ (မဂ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။

သမုဒယသစ္စာသည် ရံခါအတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏။ သမုဒယ သစ္စာသည် ရံခါအပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏။ ရံခါအတွင်း အပ 'အဇ္ဈတ္တ ဗဟိဒ္ဓ'သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ဖြစ်သော တရားကို အာရုံပြု၏ (အဇ္ဈတ္တကို ဧကန် အာရုံပြုသော အရူပ ဒုတိယ, စတုတ္ထစိတ္တုပ္ပါဒ်များ၊ အနေကန် အာရုံပြုသော လောဘ, ဣဿာ, အပ္ပမညာကြဉ် ကာမစိတ္တုပ္ပါဒ်နှင့် အဘိညာဉ် ဒွေ စိတ္တုပ္ပါဒ်)။

အချို့သော ဒုက္ခသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ရှိသော တရားကို အာရုံပြု၏ (ဗဟိဒ္ဓကို ဧကန် အာရုံပြုသော ရူပါဝစရစိတ်၁၅-ပါး, အရူပ ပထမစိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ဗဟိဒ္ဓကို အနေကန် အာရုံပြုသော လောဘ, မစ္ဆရိယကြဉ်သော လောကီစိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေ စိတ္တုပ္ပါဒ်များ[၁])။

အချို့သော ဒုက္ခသစ္စာသည် အတွင်း အပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်သော တရားကို အာရုံပြု၏ (အဇ္ဈတ္တဗဟိဒ္ဓတရားကို အနေကန် အာရုံပြုသော လောဘ, ဣဿာ, မစ္ဆရိယ, အပ္ပမညာကြဉ် ကာမ စိတ္တုပ္ပါဒ်, အဘိညာဉ်ဒွေ)။

**တိက်မှတ်။ ။**

အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နတ္ထိဘောပညတ်ကို ဧကန် အာရုံ ပြုသော အရူပ တတိယ စိတ္တုပ္ပါဒ်၊ အနေကန် အာရုံပြုသော မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်ကြဉ် ကာမဇော ၂၈, အဘိညာဉ် ဒွေ၊ လောဘ, ဝိရတီ, အပ္ပမညာ, ဣဿာ, မစ္ဆရိယ ကြဉ်သော ယှဉ်ဘက် စေတသိက်၊ ရုပ် ၂၈-ပါး)။

၁။ ဓမ္မသင်္ဂဏီ၊ စာပိုဒ် ၁၄၃၅, ၁၄၃၆, ၁၄၃၇, ၁၅၄၈။

**(၂၂) သနိဒဿနတိက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိကုန်။

အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောလည်း ရှိ၍ ထိပါးတတ်သော သဘောလည်း ရှိ၏ (ရူပါရုံ)။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော မရှိမူ၍ ထိပါးတတ်သော သဘောသာ ရှိ၏ (ရူပါရုံ ကြဉ်သော ဩဠာရိကရုပ် ၁၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောလည်း မရှိမူ၍ ထိပါးတတ်သော သဘောလည်း မရှိချေ (လောဘနှင့် ဩဠာရိကရုပ်၁၂-ပါး ကြဉ်သော လောကီတရားများ)။

**(တိက်တို့ဖြင့် ဝေဖန်ပြီးလျှင် အမေးအဖြေပြု၍ ဟောကြားအပ်သော ‘ပဉှာပုစ္ဆကနည်း’ ပြီး၏။)**

**(သစ္စာလေးပါးတို့ကို တိက် ၂၂-ခုတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော ‘ပဉှာပုစ္ဆကနည်း’ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၂ - ဒုကဝိသဇ္ဇနာ

## (သစ္စာ ၄-ပါးတို့ကို ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေ 'ဝိသဇ္ဇနာ' ကို ပြခြင်း)

## ၁ - ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

### (၁) ဟေတုဒုက် အဖြေဝိသဇ္ဇနာ

၂၁၈။ သမုဒယသစ္စာသည် ဟိတ်မည်၏ (အကုသိုလ်ဟိတ်ဖြစ်သော လောဘ)။

နိရောဓသစ္စာသည် ဟိတ်မမည်ချေ (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်မည်ကုန်၏ (လောဘကြဉ်သော လောကီ စိတ်တို့၌ ရှိသော ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်းဟူသော ဟိတ် ၅-ပါး၊ မဂ်စိတ် ၄-ပါး၌ရှိသည့် အမောဟဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် ဟိတ် မမည်ကုန် (ဟိတ် ၆-ပါးကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး၊ သမ္မာဒိဋ္ဌိ ကြဉ်သော မဂ္ဂင် ၇-ပါး)။

### (၂) သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ် ရှိကုန်၏[၁] (ဟိတ်နှင့် ယှဉ်ကုန်၏)။

နိရောဓသစ္စာသည် ဟိတ်မရှိချေ (ဟိတ်နှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်ရှိ၏ (ဟိတ်နှင့်ယှဉ်၏) (လောဘနှင့် မောဟမူဒွေ၌ မောဟ ကြဉ်သည့် လောကီသဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်မရှိချေ (ဟိတ်နှင့်မယှဉ်ချေ) (မောဟမူဒွေ၌ မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

၁။ လောဘမူစိတ်၌ရှိသော လောဘသည် မောဟဟိတ်နှင့် ယှဉ်၏။ မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါးသည် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

### (၃) ဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဟိတ်နှင့်ယှဉ်ကုန်၏။[၁]

နိရောဓသစ္စာသည် ဟိတ်နှင့် မယှဉ် (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့် ယှဉ်၏ (လောဘနှင့် မောဟမူဒွေ၌ရှိသော မောဟကြဉ်သည့် လောကီ သဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့် မယှဉ်ချေ (မောဟမူဒွေ၌ရှိသော မောဟ၊ အဟိတ် စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

၁။ လောဘမူစိတ်၌ရှိသော လောဘသည် မောဟဟိတ်နှင့် ယှဉ်၏။ မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါးသည် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်ကြသည်။

**(၄) ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (လောဘမစိတ်၌ရှိသော လောဘသည် မောဟဟိတ်နှင့် ယှဉ်၏)။

**ဒုက်မုတ်။ ။**

နိရောဓသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်ယှဉ်၏)ဟူ၍ လည်းကောင်း၊ ဟိတ်လည်း ရှိ၍ ဟိတ်လည်း မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

အချို့သော မဂ္ဂသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (အမောဟတည်းဟူသော သမ္မာဒိဋ္ဌိ)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (မဂ်စိတ် ၄-ပါး၌ရှိသည့် သမ္မာဒိဋ္ဌိကြဉ်သော ကြွင်းမဂ္ဂင် ၇-ပါး-အလောဘ, အဒေါသ, အမောဟဟိတ်တို့နှင့် ယှဉ်ကြသည်)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်လည်း ယှဉ်၏) (မောဟမူဒွေ၌ရှိသော မောဟနှင့် လောဘကြဉ်သော လောကီဟိတ် ၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်သာရှိ၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော လောကီသဟိတ်စိတ္တုပ္ပါဒ်)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်လည်း ရှိ၏ (ဟိတ်နှင့်ယှဉ်၏)ဟူ၍ လည်းကောင်း၊ ဟိတ်သာရှိ၍ ဟိတ်မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေး၌ ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (လောဘမူစိတ် ၈-ပါး၌ရှိသော လောဘဟိတ်-မောဟဟိတ်နှင့် ယှဉ်သည်)။

**ဒုက်မုတ်။ ။**

နိရောဓသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း ဟိတ်နှင့်လည်း ယှဉ်၍ ဟိတ်လည်း မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်)။

အချို့သော မဂ္ဂသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (အမောဟဟိတ်ဖြစ်သော သမ္မာဒိဋ္ဌိ-အလောဘ, အဒေါသဟိတ်တို့နှင့် ယှဉ်သည်)။ အချို့သော မဂ္ဂသစ္စာသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (မဂ်စိတ် ၄-ပါး၌ရှိသည့် သမ္မာဒိဋ္ဌိ ကြဉ်သော ကြွင်း မဂ္ဂင် ၇-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ (လောဘနှင့် မောဟမူဒွေး၌ရှိသော မောဟကြဉ်သည့် လောကီသဟိတ်စိတ်တို့၌ ရှိသော ဟိတ် ၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ်မမည်ချေ (ဟိတ် ၆-ပါးကြဉ်သော လောကီသဟိတ်စိတ္တုပ္ပါဒ်)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ဟိတ်လည်း မည်၍ ဟိတ်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဟိတ်နှင့်သာယှဉ်၍ ဟိတ် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (မောဟမူဒွေ၌ရှိသော မောဟ၊ အဟိတ်စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၆) န ဟေတု သဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။**

နိရောဓသစ္စာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (ဟိတ်နှင့်လည်း မယှဉ် ချေ) (နိဗ္ဗာန်)။

**ဒုက်မုတ်။ ။**

သမုဒယသစ္စာကို ဟိတ် မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ)။

အချို့သော မဂ္ဂသစ္စာသည် ဟိတ် မမည်မူ၍ ဟိတ်သာ ရှိ၏ (ဟိတ်နှင့်သာ ယှဉ်၏) (သမ္မာဒိဋ္ဌိ ကြဉ်သည့် ကြွင်း မဂ္ဂင် ၇-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော မဂ္ဂသစ္စာကို ဟိတ် မမည်မူ၍ ဟိတ်ရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ (အမောဟတည်းဟူသော သမ္မာဒိဋ္ဌိ)။

အချို့သော ဒုက္ခသစ္စာသည် ဟိတ်မမည်မူ၍ ဟိတ်သာရှိ၏ (ဟိတ် ၆-ပါးကြဉ်သော လောကီ သဟိတ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ဟိတ်လည်း မမည်မူ၍ ဟိတ်လည်း မရှိချေ (အဟိတ် စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ဟိတ် မမည်မူ၍ ဟိတ်သာ ရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည် မူ၍ ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘကြဉ်သည့် လောကီ သဟိတ်စိတ်တို့၌ ရှိသော ဟိတ် ၅-ပါး)။

**(ဟေတုဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၂ - စူဠန္တရဒုက် ၇-ခု အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက် အဖြေဝိသဇ္ဇနာ။ ။**

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် အကြောင်းနှင့်တကွ ဖြစ်ကုန်၏ (ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ကုန်၏)။

နိရောဓသစ္စာသည် အကြောင်းနှင့်တကွ မဖြစ်ချေ (ကံ, စိတ်, ဥတု, အာဟာရတည်း ဟူသော အကြောင်း တရားလေးပါတို့ကြောင့် မဖြစ်ချေ) (နိဗ္ဗာန်)။

**(၈) သင်္ခတဒုက် အဖြေဝိသဇ္ဇနာ။ ။**

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရားလေးပါးတို့ ပြုပြင်အပ်သော 'သင်္ခတ' တရား ဖြစ်ကုန်၏။

နိရောဓသစ္စာသည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သော 'အသင်္ခတ' တရား ဖြစ်၏ (နိဗ္ဗာန်)။

**(၉) သနိဒဿနဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် မြင်အပ်သော သဘော မရှိကုန်။ (စက္ခုပသာဒဖြင့် မမြင်နိုင်ချေ) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)

အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘောရှိ၏ (စက္ခုပသာဒဖြင့် မြင်နိုင်၏) (အဆင်း 'ရူပါရုံ')။ အချို့သော ဒုက္ခသစ္စာသည် မြင်အပ်သော သဘော မရှိချေ (လောဘနှင့် ရူပါရုံကြဉ်သော လောကီတရားများ)။

**(၁၀) သပ္ပဋိဃဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ထိပါးတတ်သော သဘော မရှိကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ထိပါးတတ်သော သဘောရှိ၏ (ဩဠာရိကရုပ်ဖြစ်သော ပသာဒရုပ် ၅-ပါးနှင့် အာရုံ ၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ထိပါးတတ်သော သဘော မရှိချေ (သုခုမရုပ် ၁၆-ပါး၊ လောဘကြဉ်သည့် လောကီစိတ္တုပ္ပါဒ်)။

## (၁၁) ရူပီဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါတို့သည် ဖောက်ပြန်ခြင်း သဘောရှိသော 'ရုပ်' မဟုတ်ချေ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဖောက်ပြန်ခြင်း သဘောရှိသော 'ရုပ်' ဖြစ်၏ (ရုပ် ၂၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ဖောက်ပြန်ခြင်း သဘောရှိသော 'ရုပ်' မဟုတ်ချေ (လောဘကြဉ်သော လောကီ စိတ်, စေတသိက်များ)။

## (၁၂) လောကိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပျက်စီးခြင်း သဘော 'လောက' ၌ အကျုံးဝင်သော 'လောကိယ' တရား ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပျက်စီးခြင်းသဘော 'လောက' မှ ထွက်မြောက်သော 'လောကုတ္တရာ' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

## (၁၃) ကေနစိဝိညေယျဒုက် အဖြေဝိသဇ္ဇနာ။ ။

(သစ္စာလေးပါးတို့ကို) တစ်စုံတစ်ခုသော စိတ်သည် သိအပ်ကုန်၏။ (သစ္စာလေးပါးတို့ကို) တစ်စုံတစ်ခုသော စိတ်သည် မသိအပ်ကုန်။

**(စူဠန္တရဒုက် ၇-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၃ - အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

**(၁၄) အာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် (သတ္တဝါတို့၏သန္တာန်၌) ယိုစီးဖြစ်ပွါး နေတတ်၍ မူးယစ် မိုက်မဲစေတတ်သော သဘော 'အာသဝ' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲစေတတ်သောသဘော 'အာသဝ' မည်၏ (ဒိဋ္ဌိ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၁၅) သာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။**

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီ တရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝ၏ (တဏှာ, ဒိဋ္ဌိ, မောဟတို့၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

**(၁၆) အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် အာသဝနှင့် (ဒိဋ္ဌိ, မောဟနှင့်) ယှဉ်၏ (လောဘမူစိတ်ရှစ်ပါး၌ရှိသော လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) မယှဉ် ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောဟတို့နှင့်) ယှဉ်၏ (ဒေါသမူ မောဟမူ တို့၌ ရှိသော မောဟနှင့် လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် (လောဘ, ဒိဋ္ဌိ, မောတို့နှင့်) မယှဉ် (ဒေါသမူ မောဟမူတို့၌ရှိသော မောဟ၊ လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၁၇) အာသဝ သာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် (သတ္တဝါတို့၏ သန္တာန်၌) ယိုစီးဖြစ်ပွါးနေတတ်၍ မူးယစ်မိုက်မဲ စေတတ်သော သဘော 'အာသဝ' လည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟ တည်း ဟူသော အာသဝတရား ကိုယ်ကြဉ် လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၁၈) အာသဝ အာသဝသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ, မောဟတို့နှင့် ယှဉ်သော လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ (ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် မောဟ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ချေ (လောဘ, ဒိဋ္ဌိ, မောဟ တည်းဟူသော အာသဝတရား ကိုယ်ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို အာသဝလည်း မည်၍ အာသဝနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့် သာယှဉ်၍ အာသဝ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒေါသမူနှင့် မောဟမူဒွေ၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

## (၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ နှစ်ပါးတို့သည် အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**ဒုက်မုတ်။ ။**

သမုဒယသစ္စာကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ (ဒေါသမူဒွေးနှင့် မောဟမူဒွေးတို့၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်လည်း မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒေါသမူဒွေနှင့် မောဟမူဒွေတို့၌ရှိသော မောဟကြဉ်သည့် မောဟ, ဒိဋ္ဌိ အာသဝ တရားကိုယ် ၂-ပါး)။

**(အာသဝဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၄ - သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

### (၂၀) သညောဇနဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စေတတ်သော 'သံယောဇဉ်' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ် မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်မည်၏ (လောဘကြဉ်သော သံယောဇဉ်တရား ကိုယ် ၇-ပါး = ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ် မမည်ချေ (သံယောဇဉ်တရား ကိုယ်ကြဉ်သော လောကီတရားများ)။

### (၂၁) သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်၏ အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်၈-ပါး)။

### (၂၂) သညောဇန သမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် သံယောဇဉ်နှင့်ယှဉ်၏ (လောဘမူစိတ်၌ ရှိသော လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သံယောဇဉ်နှင့် မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့် ယှဉ်၏ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟ ကြဉ်သည့် အကုသိုလ်စိတ္တုပ္ပါဒ်များ)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့် မယှဉ်ချေ (ဥဒ္ဓစ္စသဟ ဂုတ်စိတ်၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

### (၂၃) သညောဇန သညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်၏ (လောဘကြဉ်သော ကြွင်းသံယောဇဉ် တရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်၏ အာရုံသာ ဖြစ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော လောကီတရားများ)။

**(၂၄) သညောဇနသညောဇနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် သံယောဇဉ်လည်း မည်၏ သံယောဇဉ်နှင့်လည်း ယှဉ်၏ (လောဘမူစိတ်၌ ရှိသော လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို သံယောဇဉ်လည်း မည်၏ သံယောဇဉ်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်လည်း မည်၏ သံယောဇဉ်နှင့်လည်း ယှဉ်၏ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် ကြွင်းသံယောဇဉ်တရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ချေ (သံယောဇဉ်တရားကိုယ် ၈-ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို သံယောဇဉ်လည်း မည်၏ သံယောဇဉ်နှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်သာ ယှဉ်၍ သံယောဇဉ် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**(၂၅) သညောဇနဝိပ္ပယုတ္တသညောဇနိယဒုက် အဖြေဝိသဇ္ဇနာ။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ)သစ္စာနှစ်ပါးတို့သည် သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**ဒုက်မုတ်။ ။**

သမုဒယသစ္စာကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏ (ဥဒ္ဓစ္စသဟဂုတ် စိတ်၌ရှိသော မောဟ၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ သံယောဇဉ်နှင့်လည်း မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ရှိသော မောဟကြဉ်သည့် အကုသိုလ် စိတ္တုပ္ပါဒ်)။

**(သညောဇနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၅ - ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

### (၂၆) ဂန္ထဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ဆက်စပ်ထုံးဖွဲ့ တတ်သော 'ဂန္ထ' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထ မမည်ကုန် (နိဗ္ဗာန်၊ မဂ်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဂန္ထမည်၏ (ဒေါသ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ထမမည်ချေ (လောဘ, ဒေါသ, ဒိဋ္ဌိတည်းဟူသော ဂန္ထတရား ကိုယ်ကြဉ်သော လောကီစိတ်စေတသိက်၊ ရုပ် ၂၈-ပါး)။

### (၂၇) ဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထ၏ (လောဘ, ဒေါသ, ဒိဋ္ဌိတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီ တရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထ၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

### (၂၈) ဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့် (လောဘ, ဒေါသ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့် ယှဉ်ကုန်၏ (ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်၌ ရှိသော လောဘနှင့် ဒေါသမူဒွေ၌ရှိသော ဒေါသကြဉ်သည့် လောဘမူစိတ်စေတသိက်၊ ဒေါသမူ စိတ်စေတသိက်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ, လောကီကုသိုလ်, ဝိပါက်, ကြိယာ စိတ်စေတသိက်၊ ရုပ် ၂၈-ပါး)။

### (၂၉) ဂန္ထဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ဂန္ထလည်း မည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထ မမည်ကုန်ဟူ၍ လည်းကောင်းမ ဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဂန္ထလည်းမည်၍ ဂန္ထ၏ အာရုံလည်း ဖြစ်၏ (ဒေါသ, ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဂန္ထ၏ အာရုံသာဖြစ်၍ ဂန္ထမမည်ချေ (လောဘ, ဒေါသ, ဒိဋ္ဌိတည်းဟူသော ဂန္ထတရား ကိုယ်ကြဉ်သော လောကီတရားများ)။

## (၃၀) ဂန္ထဂန္ထသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရှိသော လောဘ)။

**ဒုက်မုတ်။ ။**

အချို့သော သမုဒယသစ္စာကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့် သာယှဉ်၍ ဂန္ထမမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်သာယှဉ်၍ ဂန္ထ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဂန္ထလည်းမည်၍ ဂန္ထနှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာ သည် ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမမည်ချေ (ဂန္ထတရားကိုယ် ၃-ပါးကြဉ်သော လောဘမူ, ဒေါသမူ စိတ္တုပ္ပါဒ် များ)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ဂန္ထလည်း မည်၍ ဂန္ထနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဂန္ထနှင့်သာ ယှဉ်၍ ဂန္ထမ မည်ဟူ၍ လည်းကောင်း၊ မဆိုအပ်ချေ (ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ, လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၃၁) ဂန္ထဝိပ္ပယုတ္တဂန္ထနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါး တို့သည် ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ ဒေါသမူဒွေ၌ရှိသော ဒေါသ၊ မောဟမူဒွေ, လောကီ ကုသိုလ်, ဝိပါက်၊ ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့ကို ဂန္ထနှင့် မယှဉ်မူ၍ ဂန္ထ၏ အာရုံသာ ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း ဂန္ထနှင့်လည်း မယှဉ်မူ၍ ဂန္ထ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်း ကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘနှင့် ဒေါသမူဒွေ၌ရှိသော ဒေါသကြဉ်သည့် လောဘမူ, ဒေါသမူစိတ္တုပ္ပါဒ်)။

**(ဂန္ထဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၆ - ဩဃဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၃၂-၃၇)။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) နစ်မြုပ်စေတတ်သော 'ဩဃ' မည်၏။ပ။[၁]

၁။ ဩဃဂေါစ္ဆက ၆-ဒုက်နှင့် ယောဂဂေါစ္ဆက ၆-ဒုက် အဖြေ ဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆက ၆-ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလ လုံးဝချန်ခဲ့သည်။ အာသဝဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာအတိုင်း ချဲ့ယူ လေ့လာပါလေ။

**(ဩဃဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

## ၇ - ယောဂဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

(၃၈-၄၃)။ ။ သမုဒယသစ္စာသည် (သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌) ယှဉ်စပ် တွယ်ကပ်စေတတ်သော 'ယောဂ' မည်၏။ပ။[၁]

၁။ ဩဃဂေါစ္ဆက ၆-ဒုက်နှင့် ယောဂဂေါစ္ဆက ၆-ဒုက် အဖြေဝိသဇ္ဇနာများသည် အာသဝဂေါစ္ဆက ၆-ဒုက်နှင့် ထပ်တူဖြစ်သဖြင့် ပေယျာလလုံးဝ ချန်ခဲ့သည်။ အာသဝဂေါစ္ဆကဒုက် အဖြေ ဝိသဇ္ဇနာအတိုင်း ချဲ့ယူလေ့လာပါလေ။

**(ယောဂဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

## ၈ - နီဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ

### (၄၄) နီဝရဏဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် (ဈာန်, မဂ်, ဖိုလ်တရားတို့ကို) ပိတ်ပင်တားဆီးတတ်သော နီဝရဏ မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏ မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏ မည်၏ (လောဘကြဉ်သော နီဝရဏတရား ကိုယ် ၇-ပါး = ဒေါသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, မောဟ)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ် ၈-ပါးကြဉ်သော လောကီ တရားများ)။

### (၄၅) နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏ၏ အာရုံ ဖြစ်ကုန်၏ (လောကီ တရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏ၏ အာရုံမဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်၈-ပါး)။

## (၄၆) နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် နီဝရဏနှင့် ယှဉ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏနှင့် မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့် ယှဉ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့် မယှဉ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၄၇) နီဝရဏ နီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ (ကာမစ္ဆန္ဒနီဝရဏ= လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏ၏ အာရုံလည်း ဖြစ်၏ (လောဘကြဉ်သော နီဝရဏတရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏ၏ အာရုံသာဖြစ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ် ၈-ပါးကြဉ်သည့် လောကီတရားများ)။

## (၄၈) နီဝရဏ နီဝရဏသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ (လောဘကြဉ်သော နီဝရဏ တရားကိုယ် ၇-ပါး)။ အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ချေ (နီဝရဏတရားကိုယ် ၈-ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်များ)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို နီဝရဏလည်း မည်၍ နီဝရဏနှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်သာ ယှဉ်၍ နီဝရဏ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကီ ကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**(၄၉) နီဝရဏဝိပ္ပယုတ္တနီဝရဏိယဒုက် အဖြေဝိသဇ္ဇနာ။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံ လည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**ဒုက်မုတ်။ ။**

သမုဒယသစ္စာကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာဖြစ်၏ဟူ၍ လည်းကောင်း၊ နီဝရဏ နှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံသာ ဖြစ်၏ (အကုသိုလ် စိတ္တုပ္ပါဒ် ကြဉ်သော လောကီတရားများ)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို နီဝရဏနှင့် မယှဉ်မူ၍ နီဝရဏ၏ အာရုံဖြစ်၏ဟူ၍ လည်းကောင်း၊ နီဝရဏနှင့်လည်း မယှဉ်မူ၍ နီဝရဏ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ ကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

**(နီဝရဏဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၉ - ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေ ဝိသဇ္ဇနာ

### (၅၀) ပရာမာသဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါး တို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' (ဒိဋ္ဌိ) မမည်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ပရာမာသမည်၏ (ဒိဋ္ဌိ)၊ အချို့သော ဒုက္ခသစ္စာသည် ပရာမာသ မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီတရားများ)။

### (၅၁) ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

### (၅၂) ပရာမာသ သမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မှားသောအားဖြင့် သုံးသပ်မှု 'ပရာမာသ' နှင့် (ဒိဋ္ဌိနှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော သမုဒယသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ရှိသော လောဘ)၊ အချို့သော သမုဒယသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ ရှိသော လောဘ)။

အချို့သော ဒုက္ခသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ (လောဘနှင့် ဒိဋ္ဌိကြဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်)၊ အချို့သော ဒုက္ခသစ္စာသည် ပရာမာသနှင့် (ဒိဋ္ဌိနှင့်) မယှဉ်ချေ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ်ကြဉ်သော လောကီစိတ်များ၊ လောဘ, ဒိဋ္ဌိကြဉ် စေတသိက် ၅၀၊ ရုပ် ၂၈-ပါး)။

**ဒုက်မှတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ပရာမာသနှင့် (ဒိဋ္ဌိနှင့်) ယှဉ်၏ဟူ၍ လည်းကောင်း၊ ပရာမာသနှင့် မယှဉ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိ) (ဒိဋ္ဌိကို ဒိဋ္ဌိနှင့် ယှဉ်၏ဟု မဆိုရချေ)။ (ဏီ၊ ပဒ-၁၅၂၀)

**(၅၃) ပရာမာသ ပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာကို ပရာမာသ (ဒိဋ္ဌိ) လည်း မည်၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံလည်း ဖြစ်၏ဟု မဆိုအပ်ချေ (လောဘ)။ သမုဒယသစ္စာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ပရာမာသလည်း မည်၍ ပရာမာသ၏ (ဒိဋ္ဌိ၏) အာရုံ လည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ပရာမာသလည်း မည်၍ ပရာမာသ၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ပရာမာသ၏ အာရုံသာဖြစ်၍ ပရာမာသ မမည်ချေ (လောဘနှင့် ဒိဋ္ဌိကြဉ် သည့် လောကီတရားများ)။

**(၅၄) ပရာမာသဝိပ္ပယုတ္တပရာမဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသ (ဒိဋ္ဌိ) နှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ ၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိနှင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကြဉ်သည့် လောကီတရားများ)။

**ဒုက်မုတ်။ ။**

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ပရာမာသနှင့် မယှဉ်မူ၍ ပရာမာသ ၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ပရာမာသနှင့်လည်း မယှဉ်မူ၍ ပရာမာသ၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိနှင့် ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပါဒ်)။

**(ပရာမာသဂေါစ္ဆကဒုက် ၅-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၁၀ - မဟန္တရဒုက် ၁၄-ခု အဖြေဝိသဇ္ဇနာ

**(၅၅) သာရမ္မဏဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏ (အာရုံပြုတတ်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ (အာရုံမပြုတတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် အာရုံပြုခြင်းသဘော ရှိ၏ (အာရုံပြုတတ်၏) (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်များ)။ အချို့သော ဒုက္ခသစ္စာသည် အာရုံပြုခြင်းသဘော မရှိချေ (ရုပ် ၂၈-ပါး)။

**(၅၆) စိတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် စိတ် မမည်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် စိတ်မည်၏ (လောကီစိတ် ၈၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ် မမည်ချေ (လောဘကြဉ်သော လောကီစိတ်တို့၌ရှိသော စေတသိက်များ၊ ရုပ် ၂၈-ပါး)။

**(၅၇) စေတသိကဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စေတသိက် မည်ကုန်၏ (လောဘ၊ မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် စေတသိက် မမည်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စေတသိက်မည်၏ (လောကီစိတ်တို့ ၌ရှိသော လောဘကြဉ်သည့် ယှဉ်ဘက် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စေတသိက် မမည်ချေ (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

**(၅၈) စိတ္တသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့် ယှဉ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့် မယှဉ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် ယှဉ်၏ (လောကီစိတ်နှင့် ယှဉ်သော လောဘကြဉ်သည့် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် မယှဉ်ချေ (ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို စိတ်နှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကီစိတ် ၈၁-ပါး) (စိတ်ကို စိတ်နှင့် ယှဉ်၏ဟု မဆိုရချေ)။

## (၅၉) စိတ္တသံသဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့် နှီးနှော ရောနှောကုန်၏ (စိတ်နှင့် ယှဉ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့် မနှီးနှော မရောနှောချေ (စိတ်နှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် နှီးနှော၏ (စိတ်နှင့်ယှဉ်၏) (လောကီစိတ်နှင့် ယှဉ်သည့် လောဘကြဉ်သော စေတသိက် ၅၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့် မနှီးနှော မရောနှောချေ (စိတ်နှင့် မယှဉ်ချေ) (ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို စိတ်နှင့်နှီးနှော ရောနှော၏ (ယှဉ်၏)ဟူ၍ လည်းကောင်း၊ စိတ်နှင့် မနှီးနှော မရောနှောဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကီစိတ် ၈၁-ပါး)။

## (၆၀) စိတ္တသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်ကြောင့် မဖြစ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်ကြောင့် ဖြစ်၏ (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက်များ၊ စိတ္တဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် စိတ်ကြောင့် မဖြစ်ချေ (လောကီစိတ် ၈၁-ပါး၊ စိတ္တဇရုပ်မှ တစ်ပါးသော ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်များ)။

## (၆၁) စိတ္တသဟဘုဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏ (စိတ်နှင့်အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်တကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်တကွ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်တကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ဝိညတ် ဒွေးကြဉ် ရုပ် ၂၆-ပါး)။

## (၆၂) စိတ္တာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး၊ ဝိညတ်ဒွေ)။ အချို့သော ဒုက္ခသစ္စာသည်

စိတ်သို့ အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ဝိညတ်ဒွေး ကြဉ်သော ရုပ် ၂၆-ပါး)။

### (၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါး တို့သည်စိတ်နှင့်လည်း နှီးနှောရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်ကုန်၏ (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၏ (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက်များ)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်ချေ (လောကီ စိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

### (၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်းတကွ မဖြစ်ချေ (စိတ်နှင့်လည်း အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှော ရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်နှင့်လည်းတကွ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်း မယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်နှင့်လည်းတကွ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

### (၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် စိတ်နှင့်လည်း နှီးနှောရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်ကုန်၏) (လောဘ၊ မဂ္ဂင်ရှစ်ပါး)။

နိရောဓသစ္စာသည် စိတ်နှင့်လည်း မနှီးနှော မရောနှောမူ၍ (စိတ်နှင့်လည်းမယှဉ်မူ၍) စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်လည်း နှီးနှောရောနှော၍ (စိတ်နှင့်လည်း ယှဉ်၍) စိတ်ကြောင့်လည်း ဖြစ်၍ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်၏ (စိတ်နှင့် အတူဖြစ် အတူပျက် ဖြစ်၏) (လောကီစိတ်တို့၌ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး)။ အချို့သော ဒုက္ခသစ္စာသည် စိတ်နှင့်

လည်း မနှီးနှော မရောနှောမူ၍ စိတ်ကြောင့်လည်း မဖြစ်မူ၍ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်ချေ (စိတ်နှင့် အတူဖြစ် အတူပျက် မဟုတ်ချေ) (လောကီစိတ် ၈၁-ပါး၊ ရုပ် ၂၈-ပါး)။

**(၆၆) အဇ္ဈတ္တိကဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်၏ (လောကီစိတ် ၈၁-ပါး၊ ပသာဒရုပ် ၅-ပါး)။ အချို့သော ဒုက္ခသစ္စာသည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်၏ (လောကီစိတ်၌ရှိသော လောဘကြဉ်သည့် စေတသိက် ၅၁-ပါး၊ ပသာဒရုပ် ၅-ပါးကြဉ်သော ရုပ် ၂၃-ပါး)။

**(၆၇) ဥပါဒါဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် မဟာဘုတ် ၄-ပါးတို့ကို မှီ၍ ဖြစ်သော 'ဥပါဒါရုပ်' မဟုတ်ချေ (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် မဟာဘုတ် ၄-ပါးကို မှီ၍ ဖြစ်၏ (ဥပါဒါရုပ် ၂၄-ပါး)။ အချို့သော ဒုက္ခသစ္စာသည် မဟာဘုတ် ၄-ပါးကို မှီ၍ ဖြစ်သော 'ဥပါဒါရုပ်' မဟုတ်ချေ (လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ မဟာဘုတ် ၄-ပါး)။

**(၆၈) ဥပါဒိန္နဒုက် အဖြေဝိသဇ္ဇနာ။ ။**

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန် (တဏှာ, ဒိဋ္ဌိတို့ ကပ်အပ်သော ကံကြောင့် မဖြစ်ကုန်) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်၏ (လွန်ခဲ့သည့် အတိက်ဘဝကံကြောင့် ဖြစ်၏) (လောကီဝိပါက်စိတ္တုပ္ပါဒ်၊ ကမ္မဇရုပ်)။ အချို့သော ဒုက္ခသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ချေ (လွန်ခဲ့သည့် အတိက်ဘဝကံကြောင့် မဖြစ်ချေ) (လောကီကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်၊ ဗလာဘကြဉ်သော ယှဉ်ဘက် စေတသိက် ၅၁-ခု၊ ကမ္မဇရုပ်ကြဉ်သော တိဇရုပ်)။

**(မဟန္တရဒုက်၁၄-ခု အဖြေ ဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၁၁ - ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေ ဝိသဇ္ဇနာ

### (၆၉) ဥပါဒါနဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ပြင်းစွာ စွဲလမ်းတတ်သော 'ဥပါဒါန်' မည်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန် မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

### (၇၀) ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်၏ (တဏှာ, ဒိဋ္ဌိတို့၏) အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

### (၇၁) ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် (တဏှာ, ဒိဋ္ဌိတို့နှင့်) မယှဉ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် (လောဘ, ဒိဋ္ဌိနှင့်) ယှဉ်ကုန်၏ (လောဘမူစိတ် ၈-ပါး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘကြဉ်သည့် ယှဉ်ဘက်စေတသိက်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘ၊ မောဟမူ, ဒေါသမူစိတ္တုပ္ပါဒ်၊ လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈ပါး)။

### (၇၂) ဥပါဒါန ဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (လောဘ)။

**ဒုက်မှတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်၏ အာရုံသာ ဖြစ်၍ ဥပါဒါန် မမည်ချေ (လောကီစိတ်များ၊ လောဘ, ဒိဋ္ဌိကြဉ်သည့် ယှဉ်ဘက် စေတသိက် ၅၀၊ ရုပ် ၂၈-ပါး)။

## (၇၃) ဥပါဒါန ဥပါဒါနသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

အချို့သော သမုဒယသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘ)။

**ဒုက်မုတ်။ ။**

အချို့သော သမုဒယသစ္စာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄-ပါး၌ရှိသော လောဘ)။

**ဒုက်မုတ်။ ။**

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ (ဒိဋ္ဌိ)။ အချို့သော ဒုက္ခသစ္စာသည် ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန်မမည်ချေ (လောဘ, ဒိဋ္ဌိကြဉ်သည့် လောဘမူ စိတ္တုပ္ပါဒ်[၁])။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ဥပါဒါန်လည်း မည်၍ ဥပါဒါန်နှင့်လည်း ယှဉ်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်သာ ယှဉ်၍ ဥပါဒါန် မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘမူစိတ္တုပ္ပါဒ်ကြဉ် လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

၁။ စိတ္တုပ္ပါဒ် = စိတ်နှင့်ယှဉ်ဘက် စေတသိက်။

## (၇၄) ဥပါဒါနဝိပ္ပယုတ္တဥပါဒါနိယဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့်လည်း (လောဘ, ဒိဋ္ဌိတို့နှင့်လည်း) မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌ရှိသော လောဘ၊ လောဘမူစိတ္တုပ္ပါဒ် ကြဉ်သော လောကီ စိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့ကို ဥပါဒါန်နှင့် မယှဉ်မူ၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ဥပါဒါန်နှင့်လည်း မယှဉ်မူ၍ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘကြဉ်သည့် လောဘမူ စိတ္တုပ္ပါဒ်)။

**(ဥပါဒါနဂေါစ္ဆကဒုက် ၆-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၁၂ - ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ

### (၇၅) ကိလေသဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ပူပန်စေတတ် နှိပ်စက်တတ် ညစ်နွမ်းစေတတ်သော 'ကိလေသာ' မည်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာ မမည်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာမည်၏ (ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာ မမည်ချေ (ကိလေသာတရားကိုယ် ၁၀-ပါး ကြဉ်သော လောကီတရားများ)။

### (၇၆) သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာ၏ အာရုံ ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာ၏ အာရုံ မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

### (၇၇) သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ကိလေသာတို့ ပူပန်စေအပ် နှိပ်စက်အပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာတို့ မပူပန်စေအပ် မနှိပ်စက်အပ်ကုန် (ကိလေသာနှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့ မပူပန်စေအပ် မနှိပ်စက်အပ်ချေ (ကိလေသာနှင့်မယှဉ်ချေ) (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ်နှင့် ယှဉ်ဘက် စေတသိက်များ၊ ရုပ်၂၈-ပါး)။

### (၇၈) ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ကိလေသာနှင့် ယှဉ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာနှင့် မယှဉ်ချေ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် ယှဉ်၏ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် မယှဉ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(၇၉) ကိလေသ သံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောသေစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာ၏ အာရုံလည်း ဖြစ်၏ (လောဘ ကြဉ်သည့် ကိလေသာ တရားကိုယ် ၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာ၏ အာရုံသာဖြစ်၍ ကိလေသာ မမည်ချေ (ကိလေသာ ၁၀-ပါး ကြဉ်သော လောကီတရားများ)။

**(၈၀) ကိလေသ သံကိလိဋ္ဌဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောသေစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်ကုန်၏ (ကိလေသာနှင့်ယှဉ်ကုန်၏)ဟူ၍ လည်းကောင်း၊ ကိလေသာတို့သည် ပူပန်လည်း ပူပန်စေအပ်၍ (ကိလေသာနှင့်ယှဉ်၍) ကိလေသာလည်း မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန် စေအပ်၏ (ကိလေသာနှင့် ယှဉ်၏) (လောဘကြဉ်သော ကိလေသာတရား ကိုယ် ၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာတို့သည် ပူပန်စေအပ်သည်သာဖြစ်၍ (ကိလေသာနှင့်သာယှဉ်၍) ကိလေသာ မမည်ချေ (ကိလေသာ၁၀-ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ကိလေသာလည်း မည်၍ ကိလေသာတို့သည် ပူပန်လည်း ပူပန် စေအပ်၏ (ကိလေသာနှင့် ယှဉ်၏) ဟူ၍ လည်းကောင်း၊ ကိလေသာတို့သည် ပူပန်စေအပ်၍ (ကိလေသာနှင့် ယှဉ်၍) ကိလေသာ မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ် များ၊ ရုပ် ၂၈ပါး)။

**(၈၁)ကိလေသ ကိလေသသမ္ပယုတ္တဒုက် အဖြေဝိသဇ္ဇနာ။ ။**

သမုဒယသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (လောဘ)။

**ဒုက်မုတ်။ ။**

(နိရောသေစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့ကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ (လောဘကြဉ်သော ကိလေသာ တရားကိုယ် ၉-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာ မမည်ချေ (ကိလေသာ၁၀-ပါးကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ကိလေသာလည်း မည်၍ ကိလေသာနှင့်လည်း ယှဉ်၏ ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်သာ ယှဉ်၍ ကိလေသာလည်း မမည်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

## (၈၂) ကိလေသဝိပ္ပယုတ္တသံကိလေသိကဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

**ဒုက်မုတ်။ ။**

သမုဒယသစ္စာကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘ)။

အချို့သော ဒုက္ခသစ္စာသည် ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**ဒုက်မုတ်။ ။**

အချို့သော ဒုက္ခသစ္စာကို ကိလေသာနှင့် မယှဉ်မူ၍ ကိလေသာ၏ အာရုံသာ ဖြစ်၏ဟူ၍ လည်းကောင်း၊ ကိလေသာနှင့်လည်း မယှဉ်မူ၍ ကိလေသာ၏ အာရုံလည်း မဖြစ်ဟူ၍ လည်းကောင်း မဆိုအပ်ချေ (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။

**(ကိလေသဂေါစ္ဆကဒုက် ၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

# သစ္စဝိဘင်္ဂ

## ၁၃ - ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ

### (၈၃) ဒဿနေနပဟာတဗ္ဗဒုက် အဖြေ ဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် (နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သဖြင့် 'ဒဿန' မည်သော) သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိ ဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် မပယ်အပ်ကုန် (ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

### (၈၄) ဘာဝနာယပဟာတဗ္ဗဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် (သောတာပတ္တိမဂ် မြင်ပြီးဖြစ်သော နိဗ္ဗာန်ကို ပွားများခြင်းအားဖြင့် တစ်ဖန်ထပ်မံ၍ မြင်သဖြင့် 'ဘာဝနာ' မည်သော) အထက် မဂ်သုံးခုတို့သည် မပယ်အပ်ကုန် (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့သည် ပယ်အပ်ကုန်၏ (ဒိဋ္ဌိဂတဝိပ္ပယုတ်, ဒေါသမူဒွေ, ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်များ)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အထက်မဂ်သုံးခုတို့သည် မပယ်အပ်ကုန် (ကြွင်းသော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

### (၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော ဟိတ်[၁] မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်၊ မောဟကြွင်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ရှိသော မောဟ၊ ကြွင်းသော လောကီစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

၁။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်သည်၊ တစ်နည်းအားဖြင့် လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့် မောဟမူ ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တို့ကို ပယ်သည်၊ ထို့ကြောင့် သောတာပတ္တိမဂ်ပယ်သော ဟိတ်များမှာ- လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ရှိသော လောဘနှင့် မောဟ၊ ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ရှိသော မောဟတို့သာ ဖြစ်သည်။

## (၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် အဖြေဝိသဇ္ဇနာ။ ။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ် သုံးခုတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ် သုံးခုတို့သည် ပယ်အပ်သော ဟိတ်ရှိကုန်၏ (ဟိတ်နှင့် ယှဉ်ကုန်၏) (ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်၊ ဒေါသမူစိတ္တုပ္ပါဒ်၊ မောဟကြဉ်သည့် ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘာဝနာမည်သော အထက်မဂ်သုံးခုတို့သည် ပယ်အပ်သော ဟိတ် မရှိကုန် (ဟိတ်နှင့် မယှဉ်ကုန်) (ဥဒ္ဓစ္စသဟဂုတ် စိတ်၌ရှိသော မောဟ၊ ကြွင်းသော လောကီတရားများ)။

## (၈၇) သဝိတက္ကဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ဝိတက်ရှိ၏ (ဝိတက်နှင့် ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။
နိရောဓသစ္စာသည် ဝိတက်မရှိချေ (ဝိတက်နှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိတက် ရှိကုန်၏ (ဝိတက်နှင့် ယှဉ်ကုန်၏) (လောဘနှင့် လောကီသဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိတက်ကြဉ်သည့် လောကီသဝိတက္ကစိတ္တုပ္ပါဒ်၊ မဂ်ပဌမစျာန် ၄-ပါး၌ရှိသော ဝိတက်ကြဉ်သည့် မဂ္ဂင် ၇-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိတက်မရှိကုန် (ဝိတက်နှင့် မယှဉ်ကုန်) (လောကီသဝိတက္ကစိတ် ၄၇-ပါး၌ရှိသော ဝိတက်၄၇-ပါး၊ လောကီအဝိတက္ကစိတ် ၃၄-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ ကြွင်းသော မဂ်စျာန် စိတ် ၁၆-ပါး ၌ ရှိသော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

## (၈၈) သဝိစာရဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ဝိစာရရှိ၏ (ဝိစာရနှင့် ယှဉ်၏) (လောဘမူစိတ်၌ရှိသော လောဘ)။

နိရောဓသစ္စာသည် ဝိစာရမရှိချေ (ဝိစာရနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိစာရရှိ၏ (ဝိစာရနှင့်ယှဉ်၏) (လောဘနှင့် လောကီ သဝိစာရစိတ် ၅၀-၌ရှိသော ဝိစာရကြဉ်သော ဝိစာရစိတ္တုပ္ပါဒ်၊ မဂ် ပဌမစျာန်, ဒုတိယစျာန် စိတ် ၈-ပါး၌ ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဝိစာရ မရှိကုန် (ဝိစာရနှင့် မယှဉ်ကုန်) (လောကီ သဝိစာရစိတ် ၅၀-၌ရှိသော ဝိစာရ ၅၀-ပါး၊ လောကီအဝိစာရစိတ် ၃၁-ပါးနှင့် ယှဉ်ဘက် စေတသိက်၊ မဂ် တတိယ, စတုတ္ထ, ပဉ္စမစျာန်စိတ်၁၂-ပါး၌ရှိသော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

## (၈၉) သပ္ပီတိကဒုက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် ပီတိမရှိချေ (ပီတိနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိရှိကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (လောကီသပ္ပီတိကစိတ် ၂၇-ပါးနှင့် ပီတိကြဉ်သော ယှဉ်ဘက် စေတသိက်များ၊ မဂ်-ပဌမ, ဒုတိယ, တတိယစျာန်စိတ်၁၂-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိမရှိကုန် (ပီတိနှင့် မယှဉ်ကုန်) (လောကီသပ္ပီတိကစိတ် ၂၇-ပါး၌

ရှိသော ပီတိ ၂၇-ပါး၊ လောကီ အပ္ပီတိကစိတ် ၅၄-ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ မဂ်-စတုတ္ထစျာန်, ပဉ္စမစျာန်စိတ် ၈-ပါး၌ရှိသော သမ္ပာသက်ပွကြဉ်သော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

## (၉၀) ပီတိသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် ပီတိနှင့်တကွ မဖြစ်ချေ (ပီတိနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိနှင့်တကွ ဖြစ်ကုန်၏ (ပီတိနှင့် ယှဉ်ကုန်၏) (လောကီသပ္ပီတိကစိတ် ၂၇-ပါးနှင့် ပီတိကြဉ်သော ယှဉ်ဘက် စေတသိက်များ၊ မဂ်-ပဌမ, ဒုတိယ, တတိယစျာန်စိတ်၁၂-ပါး၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ပီတိနှင့်တကွ မဖြစ်ကုန် (ပီတိနှင့် မယှဉ်ကုန်) (လောကီသပ္ပီတိ ကစိတ် ၂၇-ပါး၌ ရှိသော ပီတိ ၂၇-ပါး၊ လောကီအပ္ပီတိကစိတ် ၅၄-ပါးနှင့် ယှဉ်ဘက် စေတသိက်များ၊ မဂ်-စတုတ္ထစျာန်, ပဉ္စမစျာန်စိတ် ၈-ပါး၌ရှိသော သမ္ပာသက်ပွကြဉ်သော မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

## (၉၁) သုခသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် သုခဝေဒနာနှင့်တကွ မဖြစ်ချေ (သုခဝေဒနာနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (သုခဝေဒနာနှင့် ယှဉ်ကုန်၏) (လောကီသုခသဟဂုတ်စိတ် ၃၁-ပါးနှင့် ဝေဒနာကြဉ်သော ယှဉ်ဘက်စေတသိက်၊ မဂ်သောမနဿ ပ, ဒု, တ, စတုတ္ထစျာန်စိတ်၌ရှိသော မဂ္ဂင် ၈-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ မဖြစ်ကုန် (သုခ ဝေဒနာနှင့် မယှဉ်ချေ) (လောကီသုခသဟဂုတ် စိတ် ၃၁-ပါး၌ရှိသော ဝေဒနာ ၃၁-ပါး၊ ဒေါသမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်၊ လောကီဥပေက္ခာသဟဂုတ် စိတ် ၄၇-ပါးနှင့် ယှဉ်ဘက် စေတသိက်၊ မဂ် ပဉ္စမစျာန်စိတ် ၄-ပါး၌ရှိသည့် သမ္ပာသက်ပွကြဉ် မဂ္ဂင် ၇-ပါး၊ ရုပ် ၂၈-ပါး)။

## (၉၂) ဥပေက္ခာသဟဂတဒုက် အဖြေဝိသဇ္ဇနာ။ ။

နိရောဓသစ္စာသည် ဥပေက္ခာ ဝေဒနာနှင့်တကွ မဖြစ်ချေ (ဥပေက္ခာဝေဒနာနှင့် မယှဉ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏ (လောကီဥပေက္ခာသဟဂုတ်စိတ် ၄၇-ပါးနှင့် ဝေဒနာကြဉ်သည့် ယှဉ်ဘက် စေတသိက်၊ မဂ် ပဉ္စမစျာန်စိတ် ၄-ပါး၌ရှိသော မဂ္ဂင် ၇-ပါး)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန် (ဥပေက္ခာနှင့် မယှဉ်ကုန်) (လောကီဥပေက္ခာသဟ ဂုတ်စိတ် ၄၇-ပါး၌ရှိသော ဥပေက္ခာဝေဒနာ ၄၇-ပါး၊ ဒေါသမူဒွေစိတ္တုပ္ပါဒ်၊ ဒုက္ခသဟဂုတ်စိတ္တုပ္ပါဒ်၊ လောကီသုခသဟဂုတ် ၃၁-ပါးနှင့် ယှဉ်ဘက်စေတသိက်များ၊ မဂ်-ပ, ဒု, တ, စတုတ္ထစျာန်၁၆-ပါး၌ရှိသော မဂ္ဂင် ၈-ပါး၊ ရုပ် ၂၈-ပါး)။

## (၉၃) ကာမာဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ကာမာဝစရ' တရားဖြစ်၏ (ကာမာဝစရမည်၏) (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော 'ကာမာဝစရ' တရား မဟုတ်ချေ (နိဗ္ဗာန်၊ မဂ္ဂင်ရှစ်ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'ကာမာဝစရ' တရား ဖြစ်၏ (လောဘကြဉ်သော ကာမစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'ကာမာဝစရ' တရား မဟုတ်ချေ (မဟဂ္ဂုတ်စိတ္တုပ္ပါဒ်)။

## (၉၄) ရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာသုံးပါးတို့သည် ရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'ရူပါဝစရ' တရား မဖြစ်ကုန် (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

အချို့သော ဒုက္ခသစ္စာသည် 'ရူပါဝစရ' တရား ဖြစ်၏ (ရူပါဝစရစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် 'ရူပါဝစရ' တရား မဟုတ်ချေ (ကာမစိတ္တုပ္ပါဒ်၊ အရူပစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

## (၉၅) အရူပါဝစရဒုက် အဖြေဝိသဇ္ဇနာ။ ။

(သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ သုံးပါးတို့သည် အရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သော (အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော) 'အရူပါဝစရ' တရား မဟုတ်ကုန် (အရူပါဝစရ မမည်ကုန်) (လောဘ၊ နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် 'အရူပါဝစရ' တရား ဖြစ်၏ (အရူပါဝစရစိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် 'အရူပါဝစရ' တရား မဟုတ်ချေ (ကာမစိတ္တုပ္ပါဒ်၊ ရူပါဝစရစိတ္တုပ္ပါဒ်၊ ရုပ်၂၈-ပါး)။

## (၉၆) ပရိယာပန္နဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံးဝင်သော 'ပရိယာပန္န' တရား ဖြစ်ကုန်၏ (လောကီတရားများ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ဆင်းရဲ၌ အကျုံး မဝင်သော 'အပရိယာပန္န' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

## (၉၇) နိယျာနိကဒုက် အဖြေဝိသဇ္ဇနာ။ ။

မဂ္ဂသစ္စာသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း 'နိယျာနိက' တရား ဖြစ်၏ (မဂ္ဂင် ၈-ပါး)။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ) သစ္စာသုံးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း 'နိယျာနိက' တရား မဟုတ်ကုန် (လောကီတရားများ၊ နိဗ္ဗာန်)။

### (၉၈) နိယတဒုက် အဖြေဝိသဇ္ဇနာ။ ။

မဂ္ဂသစ္စာသည် အကျိုးပေးမြဲသော 'နိယတ' တရား ဖြစ်၏ (မဂ္ဂင် ၈-ပါး)။

နိရောဓသစ္စာသည် အကျိုးပေး မမြဲသော 'အနိယတ' တရားမည်၏ [ဖောက်ပြန်သော သဘောရှိ၍ စုတိ၏ အခြားမဲ့၌ (အပါယ်ငရဲ၌) အကျိုးပေးမြဲသော 'မိစ္ဆတ္တနိယတ' တရားလည်း မဟုတ်မူ၍ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော 'သမ္မတ္တနိယတ' တရားလည်း မဟုတ်ချေ (နိယတတရား မဟုတ်ချေ) (နိဗ္ဗာန်)။

အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အကျိုးပေးမြဲသော 'နိယတ' တရား ဖြစ်ကုန်၏ (နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၏ သတ္တမဇော စိတ္တုပ္ပါဒ်နှင့် ပဉ္စာနန္တရိယကံကို ကျူးလွန်သည့် ဒေါသမူဒွေတို့၏ သတ္တမဇောစိတ္တုပ္ပါဒ်)။ အချို့သော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် အကျိုးပေး မမြဲသော 'အနိယတ' တရား ဖြစ်ကုန်၏ (ကြွင်းသော လောကီစိတ္တုပ္ပါဒ်များ၊ ရုပ် ၂၈-ပါး)။

၁။ ဤကျမ်း ဓာတုဝိဘင်္ဂ- ပဉှာပုစ္ဆက- ပိုဒ်ရေ (၉၈) နိယတဒုက် အောက်ခြေ မှတ်ချက်ကြည့်ပါ။

### (၉၉) သဥတ္တရဒုက် အဖြေဝိသဇ္ဇနာ။ ။

(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ) သစ္စာနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားရှိသည့် 'သဥတ္တရ' တရား ဖြစ်ကုန်၏ (လောကီတရားများ)။ (နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် မိမိထက် လွန်မြတ်သော တရားမရှိသည့် 'အနုတ္တရ' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။

### (၁၀၀) သရဏဒုက် အဖြေဝိသဇ္ဇနာ။ ။

သမုဒယသစ္စာသည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသော 'သရဏ' တရားဖြစ်၏ (လောဘ)။

(နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာနှစ်ပါးတို့သည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) မရှိသည့် 'အရဏ' တရား ဖြစ်ကုန်၏ (နိဗ္ဗာန်၊ မဂ္ဂင် ၈-ပါး)။ အချို့သော ဒုက္ခသစ္စာသည် ငိုကြွေးကြောင်း (ရာဂစသော ကိလေသာ) ရှိသည့် 'သရဏ' တရား ဖြစ်၏ (ကိလေသာနှင့်ယှဉ်၏) (လောဘကြဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်)။ အချို့သော ဒုက္ခသစ္စာသည် ငိုကြွေးကြောင်း (ရာဂအစရှိသော ကိလေသာ) မရှိသော 'အရဏ' တရား ဖြစ်၏ (ကိလေသာနှင့်မယှဉ်) (လောကီကုသိုလ်, ဝိပါက်, ကြိယာစိတ္တုပ္ပါဒ်၊ ရုပ် ၂၈-ပါး)။

**(ပိဋ္ဌိဒုက် ၁၈-ခု အဖြေဝိသဇ္ဇနာ ပြီး၏။)**

**(သစ္စာ ၄-ပါးတို့ကို ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြသော 'ပဉှာပုစ္ဆက'နည်း ပြီး၏။)**

**သစ္စာ ၄-ပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးအဖြေပြု၍**

**ဟောကြားအပ်သော 'ပဉှာပုစ္ဆက'နည်း ပြီး၏။**

## (သစ္စာ ၄-ပါးတို့ကို ဝေဖန်၍ ဟောကြားသည့် 'သစ္စဝိဘင်း' ပြီးပြီ။)

## သစ္စဝိဘင်္ဂေါ်နိဋ္ဌိတော။